# ယောရှုမှတ်စာ

သင်ခန်းစာ နှစ်

သိမ်းပိုက်အောင်မြင်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။  ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။  ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

အောင်မြင်မှုအတွက်ပြင်ဆင်မှုများ ........ 2

ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ........ 2

ဘုရားသခင်၏အမိန့်တော်များ ........ 3

ယောရှု၏အမိန့်တော်များ ........ 3

ဣသရေလလူမျိုးတို့၏နာခံမှု ........ 3

မူလအဓိပ္ပါယ် ........ 3

ဘုရားသခင်၏အခွင့်အာဏာ ........ 4

ဘုရားသခင်၏ပဋိညာဉ် ........ 4

မောရှေပညတ်တရားစံနှုန်း ........ 5

ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ........ 5

ဣသရေလလူမျိုးအားလုံး ........ 6

မြို့နှစ်မြို့အပေါ် အောင်မြင်မှုများ ........ 7

ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ........ 7

ယေရိခေါမြို့ ........ 7

အာဣမြို့ ........ 10

ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း။ ........ 11

မူလအဓိပ္ပါယ် ........ 12

ဘုရားသခင်၏အခွင့်အာဏာ ........ 12

ဘုရားသခင်၏ပဋိညာဉ် ........ 13

မောရှေပညတ်တရားစံနှုန်း ........ 13

ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ........ 14

ဣသရေလလူမျိုးအားလုံး ........ 15

မဟာမိတ်နှစ်ဖွဲ့အပေါ် အောင်မြင်မှုများ ........ 16

ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ ........ 17

မဟာမိတ်အဖွဲ့များကို ခြုံငုံသုံးသပ်ချက် ........ 17

အောင်မြင်မှုများကို ခြုံငုံသုံးသပ်ချက် ........ 17

တောင်ပိုင်းမဟာမိတ်အဖွဲ့အပေါ် အောင်မြင်မှုများ ........ 18

မြောက်ပိုင်းမဟာမိတ်အဖွဲ့ အပေါ် အောင်မြင်မှုများ ........ 18

မူလအဓိပ္ပါယ် ........ 19




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်၏အခွင့်အာဏာ ........ 19
မောရှေပညတ်တရားစံနှုန်း........ 19
ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော် ........ 20
ဣသရေလလူမျိုးအားလုံး........ 22
**ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း ........ 23**
**နိုင်ငံတော်စတင်ခြင်း........ 23**
**ဆက်လက်တည်မြဲခြင်း ........ 26**
**ပြီးပြည့်စုံခြင်း ........ 27**
**နိဂုံး ........ 29**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ယောရှုမှတ်စာ

သင်ခန်းစာ နှစ်
သိမ်းပိုက်အောင်မြင်ခြင်း

## နိဒါန်း

ဓမ္မဟောင်းကျမ်း၏အပိုင်းတစ်ပိုင်းသည် မျက်မှောက်ခေတ်ခရစ်ယာန်အများစုကို အခြား အပိုင်းများထက်ပို၍ခက်ခဲစေမည်ဆိုပါက၊ ၎င်းသည် ဣသရေလလူမျိုး၏ ကတိတော်ပြည် သိမ်းပိုက်ခြင်းအကြောင်းကို ဖော်ပြထားသော ယောရှုမှတ်စာ၏အခန်းများဖြစ်ပါမည်။ ခရစ်တော်၌ ရှိသော ကျွန်ုပ်တို့သိသော မေတ္တာ၊ ကရုဏာရှင်ဘုရားသခင်သည် ခါနာန်မြို့သားများကိုဖျက်ဆီးရန် ဣသရေလလူမျိုး၏ကြိုးပမ်းမှုကို မည်သို့သည်းခံနိုင်သည်ကို အံ့သြမိပါသည်။ သို့သော်၊ ကျွန်ုပ်တို့ ၏မျက်မှောက်ခေတ်စိတ်ဆန္ဒများနှင့်ဆန့်ကျင်လျက်၊ ယောရှုမှတ်စာသည် ဖျက်ဆီးခြင်းအတွက် မဟုတ်ဘဲ ဣသရေလလူမျိုးတို့၏သိမ်းပိုက်အောင်မြင်မှု၌ အမိန့်ပေးခြင်း၊ ဦးဆောင်မှုနှင့် ခွန်အား ပေးမှုအတွက် ဘုရားသခင်ကိုချီးမြှောက်ရန် ဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များအနေနှင့် ကျွန်ုပ်တို့သည်လည်း ဤရှုထောင့်ကိုလက်ခံရန်ဖြစ်ပါသည်။

ဤအရာသည် *ယောရှုမှတ်စာ* စာစဉ်ထဲက ဒုတိယမြောက်သင်ခန်းစာ ဖြစ်ပါသည်။ ထို့ပြင် ဣသရေလလူမျိုး၏ "သိမ်းပိုက်အောင်မြင်ခြင်း" ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ယောရှု ၁–၁၂ ၏ပထမအပိုင်းကို အဓိကဆွေးနွေးပါမည်။

ရှေ့သင်ခန်းစာတွင်၊ ယောရှုမှတ်စာ၏မူလအဓိပ္ပာယ်ကို ဤသို့အကျဉ်းချုံးထားပါသည်_

> ယောရှုမှတ်စာသည် နောင်လာနောက်သားမျိုးဆက်များ ရင်ဆိုင်နေရသည့် တူညီသောစိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် ယောရှုလက်ထက် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်း၊ လူမျိုးစုအမွေဆက်ခံခြင်းနှင့် ပဋိညာဉ်သစ္စာစောင့်သိမှုအကြောင်း ရေးသားထားသည်။

ကျွန်ုပ်တို့လေ့လာခဲ့သည့်အတိုင်း၊ ယောရှုမှတ်စာသည် တရားသူကြီးများလက်ထက်၊ ဘုရင်စနစ်အတွင်း သို့မဟုတ် ဗာဗုလုန်၌ကျွန်ခံရသည့်အချိန်နောက်ပိုင်း အသက်ရှင်သော ဣသရေလလူမျိုးအတွက် မူလရေးသားထားခြင်းဖြစ်သည်။ ထို့အပြင် ဤဓမ္မဟောင်းဣသရေလ လူမျိုးတို့သည် ၎င်းတို့၏သိမ်းပိုက်အောင်မြင်ခြင်းကိုရယူရန်၊ လူမျိုးစုအမွေဆက်ခံခြင်းများကို လုံခြုံစေရန်နှင့် ပဋိညာဉ်သစ္စာစောင့်သိခြင်းကိုထပ်မံပြုရန် စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင် ကြစဉ်တွင် ဤကျမ်းကိုလမ်းညွှန်ချက်အဖြစ် ရေးသားထားသည်။

ပထမအဓိကအပိုင်း အခန်း ၁–၁၂ သည် စစ်ပွဲနှင့်ဆက်စပ်နေသော မူလပရိသတ်၏စိန်ခေါ်မှု များကို ဖော်ပြသည်။ ဣသရေလလူမျိုး၏ ခါနာန်ပြည်ကိုကျယ်ပြန့်စွာသိမ်းပိုက်အောင်မြင်ခြင်းကို


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အလေးပေးဖော်ပြသည်။ အဆိုပါအခန်းကြီးများကို အဓိကအပိုင်းသုံးခုဖြင့် ပိုင်းခြားထားသည်။ အခန်း ၁ တွင် အောင်မြင်မှုအတွက် ဣသရေလလူမျိုး၏ပြင်ဆင်မှုများ၊ အခန်းကြီး ၂-၈ တွင် ဣသရေလလူမျိုး၏ မြို့နှစ်မြို့အပေါ်ကနဦးအောင်မြင်မှုများ၊ အခန်း ၉-၁၂ တွင် ဣသရေလလူမျိုး ၏မဟာမိတ်နှစ်ဖွဲ့အပေါ် နောက်ပိုင်းအောင်မြင်မှုများဖြစ်သည်။

ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းဆိုင်ရာ ဤသင်ခန်းစာ၏အပိုင်းသုံးပိုင်းကို တစ်ခုစီ ကြည့်ရှုပါမည်။ ထို့နောက် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းနှင့်ပတ်သက်၍ မှတ်ချက်အချို့ဖြင့် အဆုံးသတ်ပါမည်။ အောင်မြင်မှုအတွက် ဣသရေလလူမျိုးတို့၏ပြင်ဆင်မှုများ ကို ဦးစွာကြည့်ကြပါစို့။

# အောင်မြင်မှုအတွက်ပြင်ဆင်မှုများ

အချိန်ကန့်သတ်မှုအရ၊ ဣသရေလလူမျိုး၏အောင်မြင်မှုအတွက် ပြင်ဆင်ခြင်းဆိုင်ရာ အသွင်အပြင်နှစ်ခုကိုသာ အကျဉ်းချုံး၍လေ့လာနိုင်ပါသည်_ ပထမအချက် ဤအပိုင်း၏ဖွဲ့စည်းပုံနှင့် ပါဝင်သောအကြောင်းအရာ၊ ထို့နောက် ၎င်း၏မူလအဓိပ္ပာယ်ဆိုင်ရာ အချို့သောကဏ္ဍများဖြစ်သည်။ ၎င်း၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို ခြုံငုံသုံးသပ်ချက်ဖြင့် စတင်ကြပါစို့။

## ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

ယောရှုမှတ်စာသည် "ယော်ဒန်မြစ်ကိုဖြတ်၍" ဟု အဓိပ္ပာယ်ရသော ထရန်ဂျော်ဒန်ခေါ် ယော်ဒန်မြစ်အရှေ့ဘက်မောဘလွင်ပြင်ရှိ ဣသရေလလူမျိုးများနှင့် အစပြုထားသည်။ ဤနယ်မြေများသည် အလွန်ကျယ်ပြန့်သောကြောင့်၊ တောလည်ရာ ၃၂ အရ၊ ရုဗင်အနွယ်၊ ဂဒ်နှင့် မနာရှေ အနွယ်တစ်ဝက်တို့သည် ထိုနေရာ၌အခြေချနေထိုင်ရန် မောရှေ၏ခွင့်ပြုချက်ကို ရရှိခဲ့သည်။ သို့သော် ကျမ်း၏အစတွင်၊ ခါနာန်ပြည်ကိုသိမ်းပိုက်ဖို့ အနောက်ဘက်ခြမ်းသို့ ဣသရေလအား ဦးဆောင်ခြင်းငှာပြင်ဆင်ဖို့ရန် ဘုရားသခင်သည်ယောရှုကို အမိန့်ပေးခဲ့သည်။ ဤနေရာကို တစ်ခါ တစ်ရံ စီဂျော်ဒန်ဟုခေါ်  ပြီး "ယော်ဒန်မြစ်ဘေး" ဟု အဓိပ္ပာယ်ရသည်။

ဣသရေလလူမျိုး၏အောင်မြင်မှုအတွက် ပြင်ဆင်မှုများဆိုင်ရာ ဤကဏ္ဍသည် လာမည့် တိုက်ပွဲတိုင်းအတွက် သင့်လျော်သောအမိန့်ပေးသည့်ကွင်းဆက်ကို အဆင့်သုံးဆင့်ဖြင့် ပိုင်းခြားထား သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင်၏အမိန့်တော်များ

၁:၁-၉ တွင် ယောရှုအားပေးသော ဘုရားသခင်၏ပညတ်တော်များကို ဦးစွာတွေ့ရသည်။ အခန်းငယ် ၂ တွင် ဘုရားသခင်သည် ယောရှုအား "သင်နှင့် သင်၌ပါသော ဤလူအပေါင်းတို့သည် ယခုထ၍၊ ယော်ဒန်မြစ်တစ်ဖက်သို့ကူးကြလော့"ဟုဆိုသည်။ ထို့နောက် အခန်းငယ် ၆၊ ၇ နှင့် ၉ တွင် "အားယူ၍ ရဲရင့်ခြင်းရှိလော့" ဟု ယောရှုအား သုံးကြိမ်ပြောခဲ့သည်။

## ယောရှု၏အမိန့်တော်များ

ထို့နောက်၊ ကျမ်းရေးသူသည် ဘုရားသခင်၏ညွှန်ကြားချက်များကိုတုံ့ပြန်သည့် ယောရှု၏ အမိန့်တော်များကို မိတ်ဆက်ပေးခဲ့သည်။ ၁:၁၀-၁၅ တွင်၊ ယောရှုသည် ဣသရေလလူတို့ မိမိကိုယ်ကိုပြင်ဆင်ရန် အမိန့်ပေးခဲ့သည်။ အခန်းငယ် ၁၁ တွင်၊ "ရိက္ခာများကို ပြင်ဆင်ကြလော့" ဟု ဣသရေလလူတို့အားပြောရန် သူ၏အရာရှိများကို အမိန့်ပေးခဲ့သည်။ အခန်းငယ် ၁၅ တွင်၊ သူသည် ထရန်ဂျော်ဒန်အနွယ်များကို အတိအကျ မိန့်မှာခဲ့သည်မှာ– "ခွန်အားကြီးသော စစ်သူရဲအပေါင်းတို့ သည် … ကူး၍မစရကြမည်။"

## ဣသရေလလူမျိုးတို့၏နာခံမှု

နောက်ဆုံးတွင်၊ ဣသရေလလူမျိုး၏ယောရှုအားနာခံမှုကို ကျမ်းရေးသူသည် ၁:၁၆-၁၈ တွင် ဖော်ပြခဲ့သည်။ အခန်းငယ် ၁၆ တွင် မျိုးနွယ်များသည် "ကိုယ်တော်မှာထားတော်မူသမျှကိုကျွန်တော် တို့ပြုပါမည်"ဟု ဘုရားသခင်အား သစ္စာရှိစွာအစေခံရန် တညီတညွတ်တည်း ကတိကဝတ်ပြုကြ သည်။

ဣသရေလလူမျိုး၏အောင်မြင်မှုအတွက်ပြင်ဆင်သည့် ဖွဲ့စည်းပုံနှင့် ပါဝင်သောအကြောင်း အရာသုံးပိုင်းတို့ကို မှတ်သားထားခြင်းဖြင့် မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့မှတ်ချက်ပြုသင့်သည်။ ကျမ်းရေးသူသည် သူ၏ကျမ်းကို ဤနည်းဖြင့် အဘယ်ကြောင့်စတင်ခဲ့သနည်း။

# မူလအဓိပ္ပါယ်

ယောရှုမှတ်စာသည် ခါနာန်ပြည်ကိုသိမ်းပိုက်ခြင်းအတွက် ဣသရေလလူမျိုး၏ပြင်ဆင်မှု များကို အလွန်အပြုသဘောဆောင်သောပုံစံဖြင့် စတင်ထားသည်ကိုမြင်တွေ့ရန် မခဲယဉ်းပါ။ ဘုရားသခင်၏အမိန့်တော်သည် တိုက်ရိုက်ဖြစ်ပြီး စိတ်ချမှုရှိသည်။ ယောရှုက မျိုးနွယ်အားလုံးကို လိုက်နာစေသည်။ ထို့ပြင် စစ်ပွဲကို တိုးရန်တိုက်ရန်ဖိတ်ခေါ် ခြင်းတွင် ဣသရေလလူမျိုး မည်သူ တစ်ဦးတစ်ယောက်မှ တုန့်ဆိုင်းခြင်းအရိပ်အမြွက် မရှိပါ။ ယောရှု၏မူလပရိသတ်များသည် ဆန့်ကျင်ဘက်ရန်သူအမျိုးမျိုးကို ၎င်းတို့ရင်ဆိုင်ခဲ့ကြသည်နှင့်အမျှ၊ ယောရှုနှင့် ဣသရေလတို့သည် ဘုရားသခင်၏အမိန့်တော်ကို မည်သို့တုံ့ပြန်ပုံနှင့်ပတ်သက်၍ ဤစံပြမှတ်တမ်းကို အတုယူရမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ဤအခန်းကို ကျွန်ုပ်တို့ပိုမိုနီးကပ်စွာကြည့်သောအခါ၊ ကျမ်းတစ်အုပ်လုံးတွင် အကြိမ်ကြိမ်တွေ့ရသည့် ကျမ်းရေးသူ၏အပြုသဘောဆောင်သောအကြောင်းအရာငါးခုကို မိတ်ဆက်ပေးထားသည်ကို တွေ့ရှိရသည်။ ပထမ၊ အောင်မြင်မှုအတွက် ပြင်ဆင်မှုများအကြောင်းမှတ်တမ်း အခန်း ၁ တွင်၊ ဣသရေလလူမျိုး၏ပြင်ဆင်မှုများနောက်ကွယ်ရှိ ဘုရားသခင်၏အခွင့်အာဏာကို အလေးပေးဖော်ပြသည်။ ဘုရားသခင်၏အမိန့်တော်များ၏ အဖွင့်မြင်ကွင်း အခန်းငယ် ၁ တွင် "ယောရှုအား ထာဝရဘုရားက" ဟူသော စကားဖြင့်စတင်သည်။ ဤစကားစုက ဘုရားသခင်သည် ယောရှု၏အမိန့်နောက်ကွယ်တွင် အခွင့်အာဏာရှင်ဖြစ်ကြောင်း ထင်ရှားသည်။ ဤကျမ်းပိုဒ်များအတိုင်း၊ ဘုရားသခင်ကိုယ်တော်တိုင် ယောရှုအား မောရှေ၏ဆက်ခံသူအဖြစ် အပိုဒ်ငယ် ၅ တွင် "မောရှေနှင့်အတူ ငါရှိသကဲ့သို့၊ သင်နှင့်အတူငါရှိလိမ့်မည်" ဟု မိန့်တော်မူခဲ့သည်။ အပိုဒ်ငယ် ၁၇ တွင် "အရာရာတို့၌မောရှေ၏စကားကိုနားထောင်သည်နည်းတူ ကိုယ်တော်စကားကိုလည်း နားထောင်ပါမည်" ဟု တုံ့ပြန်မှုတွင် ဣသရေလလူမျိုး၏နာခံမှုအား ဖော်ပြနေသည်ကို မြင်တွေ့ရသည်။ ဘုရားသခင်နှင့်မောရှေ၏ဆက်ခံသူအဖြစ် ဘုရားသခင်၏ခန့်အပ်ခြင်းခံရသော ယောရှုတို့သည် ယင်းဖြစ်ရပ်များကို ညွှန်ကြားထားသောကြောင့် မူလပရိသတ်များအနေဖြင့် ဣသရေလလူမျိုး၏အောင်မြင်မှုအတွက် ပြင်ဆင်မှုများကို နှလုံးသွင်းရန်ဖြစ်သည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ အောင်မြင်မှုအတွက် ယောရှု၏ပြင်ဆင်မှုများသည် ဘုရားသခင့်ပဋိညာဉ်၏အရေးကြီးမှုကိုလည်း ဖော်ပြသည်။ ဘုရားသခင့်အမိန့်တော်များ၏အဖွင့်မြင်ကွင်း အပိုဒ်ငယ် ၆ တွင် ဘုရားသခင်က ယောရှုအား "ဘိုးဘေးတို့အားပေးမည်ဟု ငါကျိန်ဆိုသောပြည်ကို သင်သည် ဤလူတို့အားဝေ၍ အမွေပေးရမည်"ဟုမိန့်တော်မူသည်။ ဤကျမ်းပိုဒ်သည် ဣသရေလလူမျိုးနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်ကို နည်းလမ်းနှစ်မျိုးဖြင့် ရည်ညွှန်းသည်။ ပထမ၊ ဣသရေလလူမျိုးသည်ဟေဗြဲကြိယာ *nachal* (נָחַל)အရ၊ ခါနာန်ပြည်ကို လွယ်ကူစွာရရှိရန်မဟုတ်ဘဲ ၎င်းကို"အမွေခံ"ရန်ဖြစ်သည်။ ခါနာန်ပြည်ကို တရားဟောရာကျမ်းတွင် အကြိမ်သုံးဆယ်နီးပါးနှင့် ယောရှုမှတ်စာ၌ အကြိမ်လေးဆယ်ကျော်ခန့် တည်မြဲသော"အမွေ" အဖြစ်ဖော်ပြထားသည်။ ဒုတိယ၊ ဤတူညီသောအခန်းငယ်၌ "ဘိုးဘေးတို့အားပေးမည်ဟု ငါကျိန်ဆိုသောပြည်" ဟူသော စကားကိုကျွန်ုပ်တို့ဖတ်ရပါသည်။ ဤသည်မှာ သူ၏သားစဉ်မြေးဆက်တို့အား ခါနာန်ပြည်အားပေးမည်ဟု အာဗြဟံနှင့်ပဋိညာဉ်ဖွဲ့ခဲ့သော—ထိုအချိန်၌ "အာဗြံ"— ကမ္ဘာဦးကျမ်း ၁၅ ကို ရည်ညွှန်းသည်။ ဣသရေလတို့၏ဘိုးဘေးများနှင့် ပဋိညာဉ်ပြုထားသောခါနာန်ပြည်သည်၊ ဘုရားသခင်၏ပဋိညာဉ်အားဖြင့်၊ ယောရှုခေတ်ရှိ ဣသရေလလူမျိုးအတွက်သာမက ကျမ်း၏မူလဣသရေလလူမျိုးပရိသတ်များအတွက်လည်း ပါဝင်သည်။ ထိုအကြောင်းကြောင့်၊ ဘုရားသခင်သည် ယောရှုအား မှာထားတော်မူသည်အတိုင်း၊ သူတို့သည် သူတို့၏ခေတ်တွင် ခွန်အားနှင့် ရဲစွမ်းသတ္တိဖြင့် ရှေ့သို့ ချီတက်နိုင်ကြ သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## မောရှေပညတ်တရားစံနှုန်း

တတိယ၊ မောရှေ၏ပညတ်တရားစံနှုန်းကို လိုက်နာခြင်းသည် စစ်ပွဲတွင်အောင်မြင်မှုရရန်နှင့် ကတိတော်ပြည်ကိုသိမ်းပိုက်နိုင်ရန် ဣသရေလလူမျိုးတိုင်းအတွက် လိုအပ်ကြောင်း ကျမ်းရေးသူ သည် ထင်ရှားစွာရေးသားဖော်ပြခဲ့သည်။ အဖွင့်အခန်းငယ် ၇ တွင် ဘုရားသခင်သည် ယောရှုအား မိန့်တော်မူခဲ့သည်မှာ– "ငါ၏ကျွန်မောရှေမှာထားသောတရားအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်း ငှာ … ကြံစည်လေသမျှတို့၌အောင်မည်အကြောင်း ထိုတရားလမ်းသို့လိုက်လော့" ယောရှု၏ သိမ်းပိုက်အောင်မြင်ခြင်းဇာတ်လမ်းကို အကြိမ်ကြိမ်ဖော်ပြသည်နှင့်အမျှ ကျမ်း၏မူလပရိသတ်များ သည် ၎င်းတို့ကြုံတွေ့နေရသောပဋိပက္ခများနှင့်ပတ်သက်၍ အရေးကြီးသောရှုထောင့်များဖြစ်သည့်_ မောရှေ၏ပညတ်တရားကိုနာခံခြင်းသည် အောင်မြင်မှုဆီသို့ဦးတည်စေလိမ့်မည်၊ မနာခံခြင်းသည် ရှုံးနိမ့်ခြင်းသို့ ဦးတည်စေလိမ့်မည် ကိုဆုပ်ကိုင်ထားရမည်ဖြစ်သည်။

## ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ ဘုရားသခင်၏သဘာဝလွန်တန်ခိုးသည် ခါနာန်ပြည်ကို သိမ်းပိုက်အောင်မြင်မှုကို ဖြစ်စေကြောင်း ယောရှု၏အောင်မြင်မှုအတွက် ပြင်ဆင်မှုများက ထောက်ပြသည်။ အပိုဒ်ငယ် ၅ တွင် ဘုရားသခင်က "သင်နှင့်အတူငါရှိလိမ့်မည်"ဟု ယောရှုအားပြောပြသောအခါ ဤရှုထောင့် သည် ပေါ်လွင်သည်။ ဤအကြောင်းအရာကို အပိုဒ် ၉ တွင် ဘုရားသခင်သည် ယောရှုအား မိန့်တော်မူသော "သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်" ဟူ၍ထပ်မံဖော်ပြ ထားသည်။ ၂ ရာဇဝင်ချုပ် ၂၀:၁၇ တွင်ဖော်ပြသည့်အတိုင်း၊ တိုက်ပွဲတွင် ဘုရားသခင်သည် သူ၏လူများနှင့် "အတူ" ရှိနေကြောင်းပြောဆိုခြင်းမှာ ဘုရားသခင်သည် *ဘေးတွင်နေလျက်*နှင့် ၎င်းတို့*အတွက်* သဘာဝလွန်စွမ်းအားများဖြင့် တိုက်ခိုက်မည်ဟု ဆိုလိုသည်။ အလားတူပင်၊ ယောရှု ၁:၁၇ ဣသရေလလူမျိုး၏နာခံမှုမြင်ကွင်းတွင်၊ ဣသရေလအမျိုးအနွယ်များသည် ယောရှုအား "ကိုယ်တော်၏ဘုရားသခင်ထာဝရဘုရားသည် မောရှေနှင့်အတူရှိသကဲ့သို့ ကိုယ်တော်နှင့်အတူ ရှိတော်မူပါစေသော" ဟုစိတ်အားထက်သန်စွာတုံ့ပြန်ခဲ့ကြသည်။ အမှန်တကယ်တွင်၊ ဣသရေလ လူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းသည် လူသားရေးရာမျှသာမဟုတ်ပါ။ ဣသရေလအမျိုးအနွယ် သည် မိမိတို့၏ခွန်အားအစွမ်းဖြင့် စစ်တိုက်ခြင်းမပြုနိုင်ပါ။ ဣသရေလလူမျိုးတို့နှင့်အတူ ဘုရားသခင်တိုက်ပွဲဝင်မှသာ အောင်မြင်မည်ဟု မျှော်လင့်နိုင်မည်ဖြစ်သည်။

> ယောရှုမှတ်စာ ၁:၅ တွင်၊ ပြည်ကိုသူတို့၏သိမ်းပိုက်ခြင်းတွင် ဣသရေလလူတို့နှင့်အတူရှိမည်ဟု ယောရှုအားဖြင့် ဘုရားသခင် ကတိပြုထားသည်။ မှန်ပါသည်၊ သိသာထင်ရှားသည့်အချက်မှာ ဘုရားသခင်၏မျက်မှောက်တော်သည် မည်သည့်ပုံစံနှင့်ပင်ဖြစ်စေကာမူ၊ သင်နှင့်အတူရှိနေခြင်းသည် အစဉ်ကောင်းသောအရာဖြစ်သည်။ သို့သော် ဤအရာသည် သန့်ရှင်းသောစစ်ပွဲနှင့် ဘုရားသခင်၏စစ်သူရဲဆိုင်ရာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသုံးအနှုန်းဖြစ်သောကြောင့် ထိုနေရာ၌လေးနက်သောအရာရှိပါသည်။ ကျွန်ုပ်သည် ထွက်မြောက်ရာ ၃ နှင့် ထွက်မြောက်ရာ ၆ ပါ "ယေဟောဝါ" သည် အမှန်အားဖြင့် "ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား"၏ အတိုကောက်ဖြစ်ကြောင်းနားလည်သည့် ဓမ္မဟောင်းကျမ်းပညာရှင်များမှ တစ်ဦးဖြစ်သည်။ ထို့ကြောင့်၊ ဤယေဟောဝါသည် ဘုရားသခင်အတွက် ဓမ္မဟောင်းအမည်ဖြစ်ပြီး၊ ကိုယ်တော်၏လူမျိုးအတွက် တိုက်ပွဲဝင်သော ဘုရားသခင်အဖြစ် ကိုယ်တော်၏စရိုက်လက္ခဏာကို ကိုယ်စားပြုသည်။ ထို့ကြောင့်၊ "မောရှေလ" ဘုရားသခင်သည် သူတို့ကိုကူညီရန် သို့မဟုတ် အားပေးရန်သာ ရှိနေသည်မဟုတ်ဘဲ၊ ကောင်းကင်ဗိုလ်ခြေတို့ကို ဦးဆောင်မည့် ဘုရားသခင်အဖြစ် သူတို့နှင့်အတူရှိနေသည်၊ ထို့ကြောင့် ယောရှုနှင့် ဣသရေလလူမျိုးအားလုံးသည် ဘုရားသခင်၏ ဦးဆောင်မှုကို လိုက်နာရန် လိုအပ်မည်ဖြစ်ပြီး၊ ကိုယ်တော်သည် ယောရှုမှတ်စာ တစ်လျှောက် ထင်ရှားသောအကြောင်းအရာဖြစ်သည့် ၎င်းတို့အတွက် တိုက်ပွဲဝင်မည်ဖြစ်သည်။ ထို့ကြောင့် အနှစ်သာရအားဖြင့်၊ ဘုရားသခင်သည် သူတို့နှင့်အတူရှိလိမ့်မည်သာမဟုတ်ဘဲ ၎င်းတို့အတွက် တိုက်ပွဲဝင်မည် ဟူသည့် ကတိတစ်ခုဖြစ်သည်။

**Rev. Michael J. Glodo**

## ဣသရေလလူမျိုးအားလုံး

ပဉ္စမ၊ ယောရှုမှတ်စာ၏အဖွင့်အခန်းတွင် ဣသရေလလူမျိုးအားလုံးပါဝင်မှု၏အရေးပါပုံ ကို မိတ်ဆက်ပေးသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ယောရှု၏အမိန့်တော်သည် အခန်းငယ် ၁၄ တွင် "ခွန်အားကြီးသော စစ်သူရဲအပေါင်းတို့သည် … ကူး၍မစရကြမည်"ဟု ထရန်ဂျော်ဒန် အနွယ်များကို တိုက်ရိုက်ရည်ညွှန်းထားသည်။ သိမ်းပိုက်ခြင်းတွင် ဣသရေလလူမျိုးအားလုံး၏ ပါဝင်မှုသည် ဣသရေလလူမျိုး၏နာခံမှုအား တွေ့မြင်ရသည်။ အပိုဒ်ငယ် ၁၈ တွင်၊ ဣသရေလ လူမျိုးများသည် "အာဏာတော်ကိုဆန်၍၊ မှာထားတော်မူသမျှသောစကားကို နားမထောင်သောသူ မည်သည်ကား အသေသတ်ခြင်းကိုခံစေရမည်"ဟုတုန့်ပြန်ကြသည်။ ယောရှုမှတ်စာရေးသားသူ သည်သူ၏မူလပရိသတ်ကို သူတို့ခေတ်တွင်ကြုံတွေ့နေရသောပဋိပက္ခများတွင် အလုံးစုံအောင်မြင် ရန်မျှော်လင့်ပါက၊ ဣသရေလလူမျိုးအားလုံး လူမျိုးတစ်မျိုးတည်းအဖြစ်ရပ်တည်ရမည်ဟု တင်ပြခဲ့သည်။

သိမ်းပိုက်အောင်မြင်ခြင်းအတွက် ဣသရေလလူမျိုး၏ကြိုတင်ပြင်ဆင်မှုများအကြောင်း စံပြတင်ပြချက်ဖြင့် ယောရှုခေတ်၏သိမ်းပိုက်အောင်မြင်ခြင်းအား မိတ်ဆက်ပြီးနောက်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းရေးသားသူသည် ယေရိခေါမြို့နှင့် အာဣမြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏ ကနဦး အောင်မြင်မှုများအကြောင်းကို ပြောခဲ့သည်။

# မြို့နှစ်မြို့အပေါ် အောင်မြင်မှုများ

ဤနေရာ၌၊ ကျမ်းသည် ခါနာန်ပြည်ကို ယောရှု၏ပထမအဆင့်သိမ်းပိုက်ခြင်းအကြောင်း ဖော်ပြထားပါသည်။ ယောရှုသည် ဣသရေလတစ်ဆယ့်နှစ်မျိုးတို့ကို ယော်ဒန်မြစ်တဘက် တပ်ချရာအရပ် ဂိလဂါလသို့ပို့ဆောင်ခဲ့သည်။ ဣသရေလလူတို့ကိုဂိလဂါလမှ ယေရိခေါမြို့သို့ ပို့ဆောင်ခဲ့သည်။ ယေရိခေါမြို့ကို တိုက်ခိုက်အောင်မြင်ပြီးနောက်၊ အာဣမြို့သို့ ချီသွားကြသည်။ အာဣမြို့ကို သိမ်းပိုက်ပြီးနောက်၊ ဣသရေလအနွယ်များသည် ဂေရဇိမ်တောင်နှင့် ဧဗလတောင် ရှိရာ ကတိတော်ပြည်၏အလယ်ဗဟိုသို့ ချီသွားကြပြီး၊ ထိုအရပ်၌ ဘုရားသခင်၏ပဋိညာဉ်ကိုထပ်မံ အသိပေးခြင်းဖြင့် ဤကနဦးအောင်မြင်မှုများကို ရရှိကြသည်။

မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏ဤအောင်မြင်မှုမှတ်တမ်းများကို အဆင့်နှစ်ဆင့်ဖြင့် ကြည့်ပါမည်။ ပထမဦးစွာ၊ ကျွန်ုပ်တို့သည် ၎င်း၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို အကြမ်းဖျင်းဖော်ပြပြီးနောက် ၎င်း၏မူလအဓိပ္ပာယ်ကို အကျဉ်းချုပ်၍လေ့လာပါမည်။ ဖွဲ့စည်းမှုနှင့် ပါဝင်သောအကြောင်းအရာဖြင့် စကြပါစို့။

## ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

ခြုံငုံကြည့်လျှင် ယေရိခေါနှင့် အာဣမြို့တိုက်ပွဲများ၏ ထင်ရှားသောမှတ်တမ်းများသည် ဆန့်ကျင်ဘက်ဖြစ်သောသင်ခန်းစာတစ်ခုဖြစ်သည်။ ထို့ပြင် ဤသင်ခန်းစာသည် ကျမ်းရေးသူ အတွက်လွန်စွာအရေးကြီး၍ ကျမ်း၏လေးပုံတစ်ပုံကျော်ကို နေရာယူထားပါသည်။ ကျွန်ုပ်တို့မြင်ရ သည့်အတိုင်း၊ ယောရှုသည် မြို့နှစ်မြို့လုံးကိုအောင်နိုင်ရန် ဣသရေလကို ဦးဆောင်ခဲ့သော်လည်း အောင်မြင်မှုသို့သွားရာလမ်းသည် အလွန်ကွာခြားပါသည်။ ယေရိခေါမြို့တိုက်ပွဲ၏ရှုထောင့်တိုင်းသည် စံနမူနာဖြစ်ပြီး ဘုရားသခင်သည် အံ့သြဖွယ်ကောင်းချီး ပေးသည်။ သို့ရာတွင် ဣသရေလလူမျိုးသည် ဘုရားသခင်ကိုကြီးလေးသောသစ္စာမဲ့မှုအပေါ် နောင်တရပြီးမှသာ အာဣမြို့ကို အောင်နိုင်ခဲ့သည်။

### ယေရိခေါမြို့

မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုးတို့၏အောင်မြင်မှုများအကြောင်း အခန်းကြီး ၂-၈ တွင် သုံးပိုင်းခွဲထားသည်_ ၂:၁–၆:၂၇ တွင် ယေရိခေါမြို့၊ ၇:၁–၈:၂၉ တွင် အာဣမြို့နှင့် ၈:၃၀-၃၅ တွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သုံးဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပိတ်ထားသောပဋိညာဉ်ကို အသစ်ပြန်လည်ပြုခြင်း။ ယေရိခေါမြို့အား ဣသရေလလူမျိုးတို့၏ အောင်မြင်မှုမှတ်တမ်းကို ဦးစွာကြည့်ကြပါစို့။

**ယောရှု၏သူလျှိုများနှင့် ရာခပ်။** ယေရိခေါမြို့၏ဇာတ်လမ်းတွင် အဓိကအပိုင်းလေးပိုင်း ပါဝင်သည်။ ၂:၁-၂၄ တွင် ယောရှု၏သူလျှိုများနှင့် ရာခပ်တို့ဖြင့် စတင်သည်။ ဤအခန်းတွင် ယောရှုသည် သူလျှိုများအားမြို့ကိုစုံစမ်းရန်စေလွှတ်ခဲ့သည်။ ဣသရေလ၏ဘုရားသခင်ကို ယုံကြည်လာသောရာခပ်နှင့် သူလျှိုများကိုအကာအကွယ်ပေးခြင်းဖြင့် သူမဘေးကင်းမည်ဟူသည့် လေးနက်သောကတိကို ရရှိခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ဣသရေလလူမျိုးများကို အောင်နိုင်စေလိမ့်မည်ဟုယုံကြည်စိတ်ချစွာဖြင့် သူလျှိုများသည် ယောရှုထံပြန်ခဲ့ကြသည်။

ဤအစပြုမှုအား ဟန်ချက်ညီစွာဖြင့်၊ စတုတ္ထနှင့် နောက်ဆုံးအပိုင်းသည် ယေရိခေါမြို့၏ဇာတ်လမ်းဖြင့် အဆုံးသတ်ထားသည်။ ၆:၂၂-၂၇ တွင်၊ ယောရှု၏သူလျှိုများနှင့် ရာခပ်ဇာတ်လမ်းကို ပြန်လည်ဖော်ပြသည်။ ဤအပိုင်းတွင် ရာခပ်အားအကာအကွယ်ပေးမည်ဟူသော ၎င်းတို့၏ကတိသစ္စာကိုအလေးထားရန် သူလျှိုများအားယောရှုအမိန့်ပေးခဲ့ပြီး၊ သူမနှင့် သူမ၏မိသားစုကို ဣသရေလလူမျိုးထံသို့ ခေါ်သွင်းခဲ့သည်။ ရာခပ်နှင့် သူလျှိုများဖြင့်အစပြုပြီး၊ ၎င်းတို့ဖြင့် အဆုံးသတ်ခြင်းဖြင့် ကျမ်းရေးသူသည် ယေရိခေါမြို့တိုက်ပွဲ၏တစ်စိတ်တစ်ပိုင်းအဖြစ် အခန်းကြီး ၂-၆ တွင်ဖြစ်ပျက်ခဲ့သမျှအားလုံးကို ဖော်ပြခဲ့သည်။

ယခု၊ ဟေဗြဲ ၁၁:၃၁ နှင့် ယာကုပ် ၂:၂၅ တို့သည် ရာခပ်၏နာခံခြင်းတွင်ဖော်ပြသော ယုံကြည်ခြင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းမှ သူမကိုကယ်လွှတ်ပုံကို ကျွန်ုပ်တို့ချီးမွမ်းသင့်သည်ဟု အသိပေးသည်။ သို့သော်၊ ဤအပိုင်းကို သာ၍ကြီးသောအကြောင်းအရာတွင် ကျွန်ုပ်တို့ထည့်သွင်းလိုက်သောအခါ၊ ကျမ်းရေးသူသည် ၎င်း၏မူလပရိသတ်အတွက် အခြားကိစ္စရပ်များကိုလည်း အလေးပေးကြောင်း တွေ့မြင်နိုင်ပါသည်။

**ယော်ဒန်မြစ်ကို အံ့ဖွယ်ဖြတ်ကျော်ခြင်း။** ဤကျမ်း၏အဆုံးသတ်များကြားတွင် အံ့ဖွယ်ဖြစ်ရပ်များ၏အပိုင်းနှစ်ပိုင်းတွင် တွေ့ရသည်။ တစ်ဖက်တွင်၊ ၃:၁–၅:၁၂ တွင် ဣသရေလလူမျိုးတို့၏အံ့ဖွယ်နည်းဖြင့် ယော်ဒန်မြစ်ကိုဖြတ်ကူးသည်ကို တွေ့ရှိရသည်။ ဤအခန်းများသည် အရှေ့ဘက်ကမ်းတွင် ဣသရေလလူမျိုးတို့၏ အခမ်းအနားပြင်ဆင်မှုများဖြင့် အစပြုကာ၊ ဘုရားသခင်အား သူတို့၏ဆည်းကပ်မှုနှင့် ဘုရားသခင်၏လက်ခံမှုကို ဖော်ပြသည်။ ယဇ်ပုရောဟိတ်တို့သည် ပဋိညာဉ်သေတ္တာကိုထမ်း၍ မြစ်ထဲသို့ဝင်သဖြင့် ယော်ဒန်မြစ်သည် နှစ်ခြမ်းကွဲလေသည်။ လမ်းတစ်ဝက်တွင် လူတကျိပ်နှစ်ပါးတို့သည် ယဇ်ပုရောဟိတ်များအနီးတွင် ကျောက်တဆယ်နှစ်လုံးကိုစုထားပြီး၊ လူများတို့သည်ဖြတ်ကူးသွားကြသည်။ ဖြတ်ကျော်ပြီးသည်နှင့် သူတို့သည်ကျောက်တုံးများကို အနောက်ဘက်ကမ်းသို့ ပြောင်းရွှေ့ကြပြီး၊ မြစ်သည်ဖုံးလွှမ်းကာ ကျောက်ဆယ်နှစ်လုံးကို ဂိလဂါလမြို့၌ အောက်မေ့ဖွယ်အဖြစ် စိုက်ထူခဲ့ကြသည်။

ဤအပိုင်း၏အခမ်းအနားအစပိုင်းနှင့် ဟန်ချက်ညီစွာဖြင့်၊ ယောရှုသည် ဣသရေလလူတို့ကို အရေဖျားလှီးခြင်းအားဖြင့် သန့်ရှင်းစေပုံကို ကျမ်းရေးသူသည်ရေးသားဖော်ပြခဲ့သည်။ လေးရက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြာသောအခါ၊ ဣသရေလလူမျိုးသည် ပသခါပွဲကိုကျင်းပပြီး မန္နအစား ခါနာန်ပြည်၏အသီးအနှံကို ပထမဆုံးအကြိမ်စားသုံးခဲ့ကြသည်။

**ယေရိခေါမြို့အံ့ဖွယ်နည်းဖြင့်ကျဆုံးခြင်း။** ၎င်းသည် ကျွန်ုပ်တို့အား တတိယအပိုင်း ၅:၁၃–၆:၂၁ တွင်တွေ့ရသည့် ယေရိခေါမြို့အံ့ဖွယ်နည်းဖြင့်ကျဆုံးခြင်းသို့ ပို့ဆောင်သည်။ ဤတိုက်ပွဲကို မိတ်ဆက်ရန်၊ ယောရှု၏လာမည့် ထူးခြားသည့်အောင်မြင်မှုအကြောင်းရှင်းပြသည့် လျှို့ဝှက်ဆန်းကြယ်သော သရုပ်ပြချက်တစ်ခုဖြင့် ကျမ်းရေးသူစတင်ခဲ့သည်။ ယောရှုသည် ယေရိခေါမြို့အနီးသို့ ရောက်သောအခါ၊ ၅:၁၃ တွင် ကောင်းကင်တမန်နှင့်တွေ့ပြီး အရေးကြီးသောမေးခွန်းတစ်ခုမေးခဲ့ သည်– "သင်သည် ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန်သူဘက်၌နေသောသူလော" အခန်းငယ် ၁၄ တွင် ကောင်းကင်တမန်က “ထိုသို့မဟုတ် ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးသော ဗိုလ်မှူးဖြစ်၍ ယခုငါလာသည် ဟုဆို၏" ယောရှုသည် မိမိကိုယ်မိမိနှိမ့်ချသောအခါ၊ ကောင်းကင်တမန်က ယောရှုသည် သန့်ရှင်းသောမြေပေါ်တွင် ရပ်နေသောကြောင့် သူ၏ခြေနင်းများကိုဖယ်ရှားရန် တောင်းဆိုခဲ့ သည်။ ဤလုပ်ရပ်ဖြင့်၊ သူ့အပေါ် ကောင်းကင်ဗိုလ်ခြေအရှင်၏ထောက်ခံမှုကို ကောင်းကင်တမန် သည်အာမခံခဲ့သည်။

ဤသရုပ်ပြချက်ပြီးနောက်၊ ဘုရားသခင်သည် ယေရိခေါမြို့ကိုတိုက်ခိုက်ရန် —ကောင်းကင် စစ်တပ်၏ထောက်ပံ့မှုအပေါ် အကြွင်းမဲ့မှီခိုသည့် ညွှန်ကြားချက်ကို ပေးခဲ့သည်။ ယဇ်ပုရောဟိတ် များသည် ပဋိညာဉ်သေတ္တာတော်ကို ရှေ့မှသယ်ဆောင်ကာ ခြောက်ရက်ဆက် ဣသရေလလူတို့မြို့ ကိုလှည့်ပတ်ရကြမည်။ ခုနစ်ရက်မြောက်သောနေ့၌ မြို့ကိုခုနစ်ကြိမ်တိုင်လှည့်ပတ်ရကြမည်။ ယဇ်ပုရောဟိတ်များသည် တံပိုးမှုတ်ပြီး ကောင်းကင်တမန်တပ်များကို စစ်တိုက်ရန် ဆင့်ခေါ်သည်။ မြို့ရိုးသည်အံ့ဖွယ်ပြိုကျပြီးမှသာ လူများအနေဖြင့် အော်ဟစ်ကာအထဲသို့ဝင်ကြရသည်။ ဣသရေလလူတို့သည် ဘုရားသခင်၏ညွှန်ကြားချက်အားလုံးကို နာခံခဲ့ကြသည်။

ယောရှု၏သိမ်းပိုက်အောင်မြင်ခြင်းတွင် အကြိမ်ကြိမ်တွေ့ရသည့် ဤဇာတ်လမ်း၏အင်္ဂါရပ် ကို ဖော်ပြရန်အရေးကြီးသည်။ ၆:၁၇ အရ၊ ယောရှုသည် “မြို့နှင့်တကွ မြို့၌ရှိသမျှတို့ကိုကျိန်၍ ထာဝရဘုရား၌အပ်ရမည်” ဟု အမိန့်ပေးခဲ့သည်။ “အပ်ရမည်” ဟူသောအသုံးအနှုန်းသည် ဟေဗြဲ ကြိယာ *charam* (חָרַם) ကို ဘာသာပြန်ဆိုထားသည်။ အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း၊ ဤအသုံးအနှုန်းနှင့် သက်ဆိုင်သောနာမ် *cherem* (חֵרֶם) သည် ဝတ်ပြု ကိုးကွယ်ခြင်းကို ကိုယ်စားပြုသည်။ စစ်ပွဲနှင့်မသက်ဆိုင်ဘဲ ဝတ်ပြုရာ ၂၇:၂၈ တွင်၊ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သို့မဟုတ် ကိုယ်ပိုင်ရင်းလယ်အတွက်ဖြစ်စေ အမြဲတမ်းဆက်ကပ်အပ်နှံခြင်းကို ရည်ညွှန်းရန် ဤတူညီသောဝေါဟာရကို အသုံးပြုသည်။ သို့သော် ယောရှုမှတ်စာကဲ့သို့သော စစ်ပွဲ အခြေအနေတွင်၊ ၎င်းသည် တိရစ္ဆာန်များနှင့် လူများကို သတ်ဖြတ်ခြင်း၊ အဖိုးတန်ပစ္စည်းများနှင့် ရွေးထားသောအရာများကို တဲတော်သို့အပ်နှံခြင်းကို ရည်ညွှန်းသည်။

ယင်းတို့သည် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ လုပ်ရပ်များဖြစ်ကြောင်းကို နားလည်သဘော ပေါက်ရန်၊ သာမာန်အားဖြင့် စစ်တပ်များသည်—ဣသရေလစစ်တပ်အပါအဝင်— တိုက်ပွဲတွင် ရရှိသောအရာများ၊ ကျွန်များနှင့် ကြွယ်ဝလာသည်ကို ကျွန်ုပ်တို့သတိရရန်လိုသည်။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားဟောရာ ၂၀:၁၆ တွင် ရှားပါးခြင်းချက်အနေဖြင့် ရာခပ်ကဲ့သို့ခါနာန်မြို့သားများကို ဝတ်ပြုမှု အဖြစ်သူ့အားအပ်နှံရန် ဘုရားသခင်မိန့်တော်မူခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့်၊ ဣသရေလ လူမျိုးက အောင်မြင်မှုသည် အမှန်တကယ် ဘုရားသခင်၏အောင်မြင်မှုဖြစ်ကြောင်း အသိအမှတ်ပြု ကြသည်။

## အာဣမြို့

ယေရိခေါမြို့၌ အောင်မြင်မှုရရှိပြီးနောက်၊ ကျမ်းရေးသူသည် ၇:၁–၈:၂၉ တွင် အာဣမြို့၌ ဣသရေလလူမျိုးတို့၏အောင်မြင်မှုအကြောင်းကို ပြောခဲ့သည်။

**ဣသရေလလူမျိုး၏ရှုံးနိမ့်မှု။** အာဣမြို့၏ဇာတ်လမ်းကို အဆင့်သုံးဆင့်ဖြင့် ဖော်ပြသည်။ ဦးစွာ၊ ၇:၁-၅ တွင် အာဣမြို့တွင် ဣသရေလလူမျိုး၏ရှုံးနိမ့်မှုအကြောင်း အကျဉ်းဖော်ပြချက်ကို တွေ့ရှိရသည်။ ဤဇာတ်လမ်းတွင်၊ သူလျှိုများက အာဣမြို့ကို လွယ်ကူစွာ အောင်မြင်မည်ဟု ယောရှုအား မှားယွင်းသောအကြံပေးခဲ့ကြသည်။ ထို့ကြောင့် သူသည် သူ၏တပ်သားအချို့ကိုသာ တိုက်ခိုက်ရန်စေလွှတ်ခဲ့သည်။ အာခန်အမည်ရှိသူတစ်ဦးသည် ဘုရားသခင်ထံအပ်နှံမည့်အစား ယေရိခေါမြို့မှ သိမ်းယူသောအရာအချို့ကို လျှို့ဝှက်သိမ်းထားကြောင်းလည်း ကျွန်ုပ်တို့သိရှိရ သည်။ ထို့ကြောင့်၊ ဘုရားသခင်၏တရားစီရင်မှုအောက်တွင်၊ ဣသရေလလူသုံးဆယ့်ခြောက် ယောက်သည် အာဣမြို့၌ အသတ်ခံခဲ့ရပြီး ကျန်သူများမှာရှုံးနိမ့်ခဲ့ကြသည်။

**ဣသရေလလူမျိုး၏နောင်တ။** ဒုတိယအဆင့် ၇:၆-၂၆ တွင်၊ ဣသရေလလူမျိုး၏နောင်တ အကြောင်းကို ကျွန်ုပ်တို့ဖတ်ရပါသည်။ ယောရှုသည် ဘုရားသခင်အားမြည်တမ်းခဲ့ပြီး၊ ဣသရေလ လူမျိုးရှုံးနိမ့်ရခြင်း၏အကြောင်းရင်းကို ဘုရားသခင်ဖော်ပြခဲ့သည်။ ၇:၁၁ အရ၊ အာခန်၏အပြစ် သည်အလွန်ပြင်းထန်သောကြောင့် ဘုရားသခင်က “ဣသရေလအမျိုးသည် ပြစ်မှားပြီ၊ ငါမှာထား သောပဋိညာဉ်တရားကို ဖျက်လေပြီ” ဟုကြေငြာခဲ့သည်။ အာခန်ကိုရှာရန်ညွှန်ကြားချက် ဘုရားသခင်ပေးခဲ့သည်။ အာခန်သည် မိမိအပြစ်ကိုဝန်ခံသောအခါ၊ ဘုရားသခင်မှာထားတော်မူသည် အတိုင်း၊ သူနှင့် သူ၏မိသားစု၊ သူ၏ဥစ္စာရှိသမျှတို့ကို“ပျက်စီးခြင်းသို့အပ်နှံ” ကြသည်။ ခါနန်လူတို့၏ ဆိုးရွားသောအပြစ်များသည် ဤဣသရေလလူမျိုးမိသားစုသို့ သယ်ဆောင်လာသောကြောင့် သူတို့ကိုအလားတူဖျက်ဆီးရန်ညွှန်ကြားခဲ့သည်။

> အာခန်၏အပြစ်သည် အလွန်ဆိုးရွားသည်၊ အဘယ်ကြောင့်နည်းဟူမူကား၊ ဣသရေလအမျိုးသားတို့သည် ယေရိခေါမြို့ကို အောင်နိုင်၍သိမ်းပိုက်သော အခါ၊ အရာခပ်သိမ်းကိုဘုရားသခင်ထံအပ်နှံရန် တောင်းဆိုသောကြောင့် ဖြစ်သည်…ထို့ကြောင့်၊ သူလုပ်သောအရာသည် သူနှင့်မဆိုင်သောအရာကို သာမက ဘုရားသခင်နှင့်ဆိုင်သောအရာများကိုပါ သိမ်းယူခဲ့ခြင်းဖြစ်ပြီး၊ ၎င်းသည် ကြောက်မက်ဖွယ်ကောင်းသော အရာတစ်ခုသာဖြစ်သည်။ ယခုလည်း အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ပြုလုပ်သောပဋိညာဉ်သည် ဣသရေလလူမျိုးတစ်ဦးချင်းနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ပြုသော ပဋိညာဉ်မဟုတ်ပါ...ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တွေးခေါ် ပုံတွင် အလွန်တစ်ကိုယ်ကောင်းဆန်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် တစ်ဦးနှင့်တစ်ဦး တာဝန်ရှိကြောင်းနားလည်ရန် ခက်ခဲသည်။ သို့သော် အာခန်သည် အပြစ်လုပ်သောအခါ၊ သူ၏အပြစ်သာမက၊ သူသည် ယုံကြည်ခြင်းအသိုင်းအဝိုင်း၏ အစိတ်အပိုင်းဖြစ်သောကြောင့် တမျိုးသားလုံးကို ထိခိုက်စေသောအပြစ်ဖြစ်သည်။ ထို့ပြင် ဤအချက်သည် ဓမ္မဟောင်းအရာတစ်ခုသာမဟုတ်၊ ကျွန်ုပ်တို့အားလုံး အတူတကွ ချိတ်ဆက်နေကြောင်းကိုနားလည်ပြီး တစ်စုံတစ်ယောက်သည် အပြစ်ပြုသောအခါ ခန္ဓာကိုယ်တစ်ခုလုံးကို သက်ရောက်မှုရှိသည့် ဓမ္မသစ်အရာတစ်ခုဟု ကျွန်ုပ်ထင်ပါသည်။ အာခန်နှင့်သူ၏အပြစ်တွင် ၎င်းသည်ကေန်အမှန်ဖြစ်ပျက်ခဲ့သည်။

**Dr T. J. Betts**

**ကာလေရလူမျိုး၏အောင်မြင်မှု။** တတိယအဆင့် ၈း၁-၂၉ တွင် ကာလေရလူမျိုး၏ နောင်တ၏ရလဒ်ကို ဖော်ပြထားသည်- ကာလေရတို့သည် အာကာမြို့ကိုအောင်ပွဲခံကြသည်။ ကျွန်ုပ်တို့အကျွမ်းတဝင်ရှိသည့် ပုံစံတစ်ခုကိုတွေ့ရသည်။ ကင်းစခန်းချရန် ယောရှုကို ဘုရားသခင် ညွှန်ကြားခဲ့သည်။ ယောရှုသည် လူများကိုအမိန့်ပေးသည်။ လူတို့သည် နာခံသည်။ တိုက်ပွဲဖြစ်သည် နှင့်အမျှ ဘုရားသခင်သည် သဘာဝလွန်ဝင်ရောက်ပါဝင်မှုဖြင့် ကာလေရလူမျိုးတို့အား အောင်နိုင်စေခဲ့သည်။

## ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း။

ယေရိခေါနှင့် အာကာမြို့တို့၌ အောင်မြင်မှုများပြီးနောက်၊ မြို့နှစ်မြို့အပေါ် ကာလေရလူမျိုး၏အောင်မြင်မှုများမှတ်တမ်းသည် ၈:၃၀-၃၅ တွင် ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းနှင့်အတူ အဆုံးသတ်ခဲ့သည်။ တရားဟောရာ ၁၁:၂၉ ပါ မောရှေမိန့်မှာချက်ကိုနာခံပြီး၊ ကတိတော်ပြည်၏ ဗဟိုအရပ်၊ ဧဗလတောင်နှင့် ဂေရဇိမ်တောင်သို့ ချီသွားခြင်းဖြင့် သိမ်းပိုက်အောင်မြင်ခြင်း၏ပထမ အပိုင်းပြီးစီးမှုကို ကာလေရလူမျိုးတို့ ကျင်းပခဲ့ကြသည်။ မောရှေ၏ပညတ်အားလုံးကိုဖတ်ပြီး သည်နောက်၊ လူမျိုးတစ်မျိုးလုံးသည် ဘုရားသခင်၏ပဋိညာဉ်ကိုနာခံရန် ၎င်းတို့၏ကတိကဝတ်ကို အသစ်ပြန်လည်လုပ်ဆောင်ခဲ့ကြသည်။

မြို့နှစ်မြို့အပေါ် ကာလေရလူမျိုး၏အောင်မြင်မှုများနှင့်ပတ်သက်သည့် ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို စိတ်ထဲတွင်မှတ်သားထားပြီး၊ ဤအခန်းများ၏မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့ မှတ်ချက်ပေးရန် ဖြစ်သည်။

# မူလအဓိပ္ပါယ်

မူလပရိသတ်များသည် ယောရှုကြုံတွေ့ခဲ့ရသည်ထက် မတူညီသောအခြေအနေများကို ရင်ဆိုင်ခဲ့ကြသော်လည်း၊ ယောရှုမှတ်စာရေးသူသည် ယေရိခေါကို ၎င်းတို့၏ခေတ်ကာလနှင့် လျော်ညီသောနည်းလမ်းများဖြင့် အတုယူရမည့်စံနမူနာတစ်ခုအဖြစ် မှတ်ယူခဲ့သည်။ ဘုရားသခင်၏မိန့်မှာချက်များကို ဖောက်ဖျက်သည့်အတွက် သူတို့စစ်ပွဲတွင် ကျရှုံးသည့်အခါ မည်သည့်အရာလုပ်ရမည်ဟူသည့် သင်ခန်းစာအဖြစ် အာဣမြို့ကို တင်ပြခဲ့သည်။ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းအခမ်းအနားက တိုက်ပွဲတွင်ဘုရားသခင်၏ကရုဏာတော်သည် မူလပရိသတ်များကို ဘုရားသခင်၏ပဋိညာဉ်နှင့်ပတ်သက်သည့် ၎င်းတို့၏ကတိကဝတ်များကိုပြန်လည်အသိပေးခြင်းဖြင့် တိုက်ပွဲတွင်အောင်မြင်မှုရရှိရန် လှုံ့ဆော်သည်ဟု အတည်ပြုသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ဤနည်းလမ်းများဖြင့် သူ၏ပရိသတ်အပေါ် သက်ရောက်မှုရှိစေရန် ကျမ်းရေးသူသည် မြို့နှစ်မြို့ကို ဣသရေလလူမျိုးတို့အနိုင်ရခဲ့သော သူ၏မှတ်တမ်းတွင် အဓိကအကြောင်းအရာငါးခုကိုတစ်ဖန်ဖော်ပြသည်။ ပထမ၊ ဤဖြစ်ရပ်များ၏နောက်ကွယ်မှ ဘုရားသခင်၏အခွင့်အာဏာကို အလေးပေးဖော်ပြခဲ့သည်။ ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်းမှတ်တမ်းတွင်၊ "ထာဝရဘုရားကလည်း ယောရှုကိုခေါ်၍" ဟု ၃း၇ တွင်ဖတ်ရပါသည်။ ယခင်ကကဲ့သို့ပင်၊ ဤစကားစုသည် လူတို့ကို လုပ်ဆောင်ရန် ယောရှုမိန့်ကြားခဲ့သည့်အရာအားလုံးအပေါ်တွင် ဘုရားသခင်၏အခွင့်အာဏာကို တည်စေခဲ့သည်။ ယေရိခေါမြို့ အံ့ဖွယ်နည်းဖြင့်ကျဆုံးမှု ၆:၂ တွင်၊ "ထာဝရဘုရားကလည်း" ဟူသော စကားစုကိုထပ်မံတွေ့ရှိရသည်။

ဘုရားသခင်၏အခွင့်အာဏာကို အလေးပေးရန်အတွက် ကျမ်းရေးသူက ယောရှုသည် မောရှေ၏ဆက်ခံသူဖြစ်ကြောင်းကို ထောက်ပြခဲ့သည်။ ၄:၁၄ ယော်ဒန်မြစ်ကို အံ့ဖွယ်ဖြတ်ကျော် ခြင်း၌ ဣသရေလလူတို့သည် "မောရှေကို ကြောက်ရွံ့သကဲ့သို့" ယောရှုကိုလည်း သူ၏အသက်တည်သည့်ကာလပတ်လုံး ကြောက်ရွံ့ကြ၏။ ၄:၂၃ တွင်၊ "ထာဝရဘုရားသည် ပင်လယ်ရေကို ခန်းခြောက်စေသည်နည်းတူ ... မြစ်ရေကို ခန်းခြောက်စေတော်မူသည်။" ၅:၁၅ တွင် ယေရိခေါမြို့၏ အံ့ဖွယ်နည်းဖြင့်ကျဆုံးခြင်း၌၊ ထွက်မြောက်ရာ ၃:၅ တွင် ဘုရားသခင်သည် မောရှေအား မိန့်တော်မူသကဲ့သို့၊ ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးသော ဗိုလ်မှူးက "သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား မြေမြတ်ဖြစ်သည်"ဟု ယောရှုအားဆိုသည်။

ယခုတွင်၊ အာဣမြို့၏မှတ်တမ်းအရ၊ ဣသရေလလူမျိုးများသည် ဘုရားသခင်ကို သစ္စာရှိစွာ အပ်နှံရန် အစပိုင်းတွင်ပျက်ကွက်ခဲ့ကြသည်။ သို့ရာတွင် ဣသရေလတို့၏နောင်တနှင့်အတူ "ထာဝရဘုရားကလည်း" ဟု ၇း၁၀ တွင် ကျွန်ုပ်တို့ဖတ်ရသည်။ "ထာဝရဘုရားကလည်း" ဟူသော စကားစု သည် ၈:၁၊ ၁၈ တွင် အာဣမြို့ကို အောင်မြင်မှုတွင်လည်း တွေ့ရသည်။ တစ်ဖန်၊ ကျမ်းရေးသူက

သူ၏ပရိသတ်သည် ဘုရားသခင်ကိုယ်တော်တိုင်နှင့် မောရှေ၏ဆက်ခံသူယောရှုထံမှ ညွှန်ကြားခြင်း ခံရသောကြောင့်၊ ဤအဖြစ်အပျက်များသည် လမ်းပြရန်ဖြစ်ကြောင်း အလေးပေးဖော်ပြသည်။

## ဘုရားသခင်၏ပဋိညာဉ်

ဒုတိယ၊ မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုးတို့၏အောင်မြင်မှုမှတ်တမ်းများက ဘုရားသခင်၏ပဋိညာဉ်သည် ခါနန်ပြည်ကို ဣသရေလလူမျိုး၏ဇာတိမြေအဖြစ် ထူထောင်ကြောင်းလည်း ထပ်မံဖြည့်ဆည်းပေးသည်။ ယော်ဒန်မြစ်ကို ဖြတ်ကျော်ပြီးနောက်အခမ်းအနား ၅း၆ တွင်၊ ခါနာန်ကို "ထာဝရဘုရားသည် ငါပေးမည်ဟု ဘိုးဘေးတို့အားကျိန်ဆိုတော်မူသောပြည်" ဟုခေါ်ဆိုသည်။ ဤကျမ်းပိုဒ်များအတိုင်း၊ ယောရှု၏သူလျှိုများ၏ဇာတ်လမ်းတွင် ရာခပ်က "ထာဝရဘုရားသည် သင်တို့အားဤပြည်ကို ပေးတော်မူကြောင်းကိုလည်းကောင်း" ဟု ၂:၉ တွင် ဝန်ခံခဲ့သည်။ သူလျှိုများသည် ၂း၂၄ ၌ယောရှုထံပြန်လာကာ ယုံကြည်စိတ်ချစွာဖြင့် "အကယ်စင်စစ် ထာဝရဘုရားသည် ထိုပြည်တစ်လျှောက်လုံးကို ငါတို့လက်သို့အပ်တော်မူပြီ" ဟုပြောလေ၏။ ဤကျမ်းပိုဒ်များအတိုင်း ၆:၁၆ တွင်၊ ယေရိခေါမြို့ကျဆုံးခြင်း၌ ယောရှုသည် ဣသရေလစစ်တပ်အား "ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် သင်တို့အားမြို့ကိုပေးတော်မူမည်"ဟုအမိန့်ပေးခဲ့သည်။ ဤဘုရားသခင်၏ ပဋိညာဉ်ကိုကိုးကားချက်များသည် ၎င်းတို့ကြုံတွေ့ရသည့်အခြေအနေများကြားမှပင် ဘုရားသခင် ခွင့်ပြုထားသော ကတိတော်ပြည်ကို မူလပရိသတ်များအား အာမခံထားသည်။

## မောရှေပညတ်တရားစံနှုန်း

တတိယ၊ မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများက ဣသရေလလူမျိုးသည် စစ်ပွဲတွင်အောင်မြင်မှုရရန်အတွက် မောရှေ၏ပညတ်တရားစံနှုန်းကို နာခံမှုရှိရန်လိုအပ်ကြောင်း ဖော်ပြသည်။ ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်းမှတ်တမ်း ၄:၁၀ တွင်၊ ယဇ်ပုရောဟိတ်များသည် "မောရှေမှာထားသည်အတိုင်း" ဣသရေလလူတို့ကို ဦးဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။ ယောရှုမှတ်စာ ၄:၁၂ ၌မျိုးနွယ်များသည်လည်း "မောရှေမှာခဲ့သည်အတိုင်း"သူတို့ကိုယ်သူတို့ စီစဉ်ကြသည်ဟု ဖော်ပြသည်။ ၅:၂ တွင်၊ ယောရှုသည် မောရှေ၏တရားနှင့်အညီ ဣသရေလလူတို့ ကိုအရေဖျားလှီးပေးခဲ့သည်။ ၅:၁၀ တွင်၊ ဣသရေလလူမျိုးသည် မောရှေစီရင်သောနေ့၌ ပသခါပွဲကိုခံကြသည်။ ဤကျမ်းပိုဒ်များအတိုင်း၊ ယောရှု၏သူလျှိုများနှင့် ရာခပ်၏နိဂုံးချုပ်မှတ်တမ်း ၆:၂၂ တွင်၊ ယောရှုသည် သူလျှိုများအား "သင်တို့သည် ကျိန်ဆိုသည်အတိုင်း"—မောရှေ၏ပညတ်တရား စံနှုန်း သတ်မှတ်ချက်နှင့်အညီ ရာခပ်အားဆောင်ခဲ့ရန် အမိန့်ပေးခဲ့သည်။ ၆:၂၄ တွင်၊ တရားဟောရာ ကျမ်းတွင် မောရှေမိန့်မှာခဲ့သည့်အတိုင်း ဣသရေလလူတို့သည် "မြို့နှင့်တကွ[ယေရိခေါမြို့] မြို့၌ရှိ သမျှတို့ကို မီးရှို့ကြကြောင်း"ကျမ်းရေးသူထောက်ပြသည်။

အလားတူ၊ မောရှေ၏ပညတ်ကိုမနာခံခြင်းသည် အာကန္တ၌ရှုံးနိမ့်မှုဖြစ်ကြောင်း ရှင်းပြသည်။ ၇:၁ တွင်၊ "ကျိန်အပ်သောအရာကိုသိမ်းယူ၍ ထိုအရာအားဖြင့် ဣသရေလအမျိုးသားတို့သည် ပြစ်မှားသောအပြစ်ရှိပြီး" မောရှေ၏ပညတ်ကို တိုက်ရိုက်ဖီဆန်ကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ၇:၁၅



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွင်၊ အာခန်သည် "ထာဝရဘုရား၏ပဋိညာဉ်တရားကို ဖျက်၍"ဟု ယောရှုအခိုင်အမာ ပြောဆိုခြင်းဖြင့် ဣသရေလကို နောင်တရစေခဲ့သည်။ အာခန်၏အပြစ်ကို မပြုပြင်မချင်း ဣသရေလလူမျိုးသည် ၎င်း၏ရန်သူများကိုမခံမရပ်နိုင်ဟု ဘုရားသခင်ကိုယ်တော်တိုင် မိန့်တော်မူခဲ့ သည်။ ဤအချက်သည် အလွန်အရေးကြီးသောကြောင့် ကျမ်းရေးသူသည် ၂၂:၂၀ တွင် ပြန်လည် ဖော်ပြခဲ့သည်။ "ဇေရသားအာခန်သည် ကျိန်အပ်သောအရာ၌ပြစ်မှား၍" ဘုရားသခင်၏အမျက် တော်သည် ဣသရေလအပေါင်းတို့အပေါ် သက်ရောက်ကြောင်း ရှင်းပြခဲ့သည်။ မှန်ပါသည်၊ အာခန်၏ပြစ်မှားမှုကို ဣသရေလတို့ ကိုင်တွယ်ဖြေရှင်းပြီးသည်နှင့် ရှုံးနိမ့်ခြင်းသည် အောင်မြင်မှု အဖြစ်သို့ ပြောင်းလဲသွားသည်။

ဣသရေလလူမျိုး၏အောင်မြင်မှုများအပြီး၊ ဣသရေလလူမျိုး၏ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းတွင် ဤအမြင်ကို ထပ်မံအလေးပေးထားသည်။ ၈:၃၁ တွင်၊ ဣသရေလလူမျိုးတို့ သည် "ထာဝရဘုရား၏ကျွန် မောရှေသည် ဣသရေလအမျိုးသားတို့ကိုမှာထား၍ မောရှေ၏ပညတ္တိကျမ်း၌ရေးမှတ်လျက်ရှိသည့်အတိုင်း" ယဇ်ပလ္လင်ကိုတည်ဆောက်ကြ၏။ ၈:၃၂ တွင် ယောရှုသည် ထိုကျောက်ပေါ်၌ မောရှေ၏ပညတ်တရားကို ရေးကူးခဲ့သည်။ ၈:၃၃ အရ၊ သူတို့သည် လူများကို "မောရှေမှာထားခဲ့သည့်အတိုင်း"နေရာချကြသည်။ ဤမောရှေ၏တရားတော်အပေါ် အာရုံစူးစိုက်မှု ကမူလပရိသတ်အတွက် အောင်မြင်မှုများနှင့် ရှုံးနိမ့်မှုများသည် မောရှေ၏ပညတ်တရားကို နာခံခြင်း နှင့် မနာခံခြင်းကြောင့် ဖြစ်ပေါ်လာကြောင်း ထင်ရှားစွာသက်သေပြနေသည်။

> ယောရှု၏ကျမ်းတစ်အုပ်လုံးတွင် ဘုရားသခင်၏တရားတော် သို့မဟုတ် မောရှေ၏တရားကိုနာခံခြင်းနှင့်ပတ်သက်၍ အမှန်တကယ်ပြင်းထန်သော သွန်သင်ချက်တစ်ခုရှိသည်။ အစမှအဆုံး၊ ကျမ်းတစ်အုပ်လုံးသည် နာခံမှုဆီသို့ ခေါ်ဆောင်ခြင်းဖြစ်ပြီး ဘုရားသခင်အား နာခံခြင်းမှရရှိလာသော အရာများကိုဖော်ပြသည်။ ထို့ကြောင့် အခြေခံအုတ်မြစ် ၁:၈ တွင် ကျွန်ုပ်တို့ တွေ့မြင်ရသည်မှာ … "ထိုပညတ္တိကျမ်းစာ၌ရေးထားသမျှအတိုင်း ကျင့်မည်ဟုစောင့်ရှောက်ခြင်းအလိုငှာ ကျမ်းစာကိုမဖတ်မရွတ်ဘဲမနေ၊ နေ့ညမပြတ်ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည်။"
>
> **Pastor Ornan Cruz**

## ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်

စတုတ္ထ၊ မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများသည် ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော်ကိုလည်း ဖော်ပြသည်။ ယေရိခေါမြို့ကျဆုံးခြင်းသို့ ဦးတည်သော အခန်းများတွင် ဤအကြောင်းအရာကို အကြိမ်ကြိမ်တွေ့ရသည်။ ယောရှု၏သူလျှိုများနှင့် ရာခပ်တို့ ပါဝင်သည့် ပထမအပိုင်း ၂:၉ တွင် "သင်တို့[ဣသရေလ]ကို ငါတို့ကြောက်လန့်အားကြီး၍" ဟု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရာခပ်အသိအမှတ်ပြုခဲ့သည်။ ၂:၂၄ တွင် သူလျှိုများသည် "ငါတို့ကြောင့် ပြည်သူပြည်သားအပေါင်း တို့သည် စိတ်ပျက်လျက်ရှိကြပါ၏" ဟုအတည်ပြုခဲ့သည်။ တရားဟောရာ ၁၁:၂၂-၂၅ တွင် ဘုရားသခင်သည် ဣသရေလ၏ရန်သူများကို ၎င်းတို့၏စိတ်နှလုံးထဲသို့ ကြောက်ရွံ့ထိတ်လန့် စေခြင်းဖြင့် သဘာဝလွန်တန်ခိုးကို ပြသလေ့ရှိကြောင်း ဖော်ပြသည်။

ထို့အပြင်၊ ယော်ဒန်မြစ်ကိုဖြတ်ကူးသောအခါ၊ ဘုရားသခင်သည် ယောရှုအား ၃း၇ တွင် "သင်နှင့်အတူရှိသည်" ဟုပြောကြားခဲ့သည်။ အစောပိုင်းတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ ဤအသုံးအနှုန်းသည် ဣသရေလလူမျိုးအတွက် ဘုရားသခင်သည် သဘာဝလွန်တန်ခိုးဖြင့် တိုက်ခိုက်နေကြောင်း ဖော်ပြသည်။ ၃:၁၀ တွင်၊ ယောရှုသည် ဣသရေလလူမျိုးအား "အသက်ရှင် တော်မူသော ဘုရားသခင်သည် သင်တို့တွင်ရှိ၍"ဟု ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြန်၍ပြော ခဲ့သည်။ ၅:၁ တွင်၊ ခါနန်လူတို့၏စိတ်နှလုံးများ ကြောက်ရွံ့မှု၌အရည်ပျော်သွားချိန်၊ ဘုရားသခင်၏ လုပ်ဆောင်မှုကို ကျွန်ုပ်တို့မြင်တွေ့ရသည်။

ယေရိခေါမြို့ကျဆုံးခြင်း၏ရှုထောင့်တိုင်းနီးပါးသည် ဤအကြောင်းအရာကို သရုပ်ဖော် သည်။ ဘုရားသခင်၏သဘာဝလွန်တန်ခိုးကြောင့် ၆:၂၀ တွင် "ယေရိခေါမြို့ရိုးသည် အကုန်အစင် ပြိုလဲကျ" သည့်အခါ အထူးထင်ရှားသည်။ ထိုအခါ ကျမ်းရေးသူသည် ယောရှု၏သူလျှိုများနှင့် ရာခပ်တို့၏မှတ်တမ်းကို ၆:၂၇ တွင် "ထိုသို့ ထာဝရဘုရားသည် ယောရှုနှင့်အတူရှိတော်မူ၍" ဟု ပြောခြင်းဖြင့်အဆုံးသတ်ထားသည်မှာ အံ့သြစရာမဟုတ်ပါ။

ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း၊ ဣသရေလ၏ အာဣမြို့ကိုရှုံးနိမ့်ခြင်း၏ အစောပိုင်း အဆင့်တွင် သဘာဝလွန်တန်ခိုးကို မတွေ့ရပါ။ ယင်းအစား၊ ၇:၅ တွင် "လူများ[ဣသရေလ]တို့၏ စိတ်နှလုံး"သည် —"ခါနန်လူတို့" ထက် —"အရည်ကျို၍ရေကဲ့သို့ဖြစ်လေ၏"ဟု ဖတ်ရသည်။ ၇:၁၂ တွင် ဣသရေလတို့နောင်တရရန် ပြောသောအခါ၊ ဘုရားသခင်သည် အာခန်၏အပြစ်ကိုမပြုပြင် မချင်း "သင်တို့နှင့်အတူ ငါမနေ" ဟု ယောရှုအား မိန့်ကြားခဲ့သည်။ သို့ရာတွင် ဣသရေလတို့သည် အာခန်ကိုပယ်ရှင်းပြီးနောက်၊ ဘုရားသခင်သည် အာဣမြို့အောင်မြင်မှု၌ သူ၏သဘာဝလွန်တန်ခိုးကို တစ်ဖန်ပြသခဲ့သည်။ ၈:၁၈ တွင်၊ ဘုရားသခင်သည် ယောရှုအား "သင်ကိုင်သောလှံကို အာဣမြို့သို့ ရွယ်လော့" ဟု အမိန့်တော်ရှိ၍ တိုက်ပွဲသည်နိုင်လေ၏။

ဤအခန်းများတစ်လျှောက်တွင်၊ ကျမ်းရေးသူသည် မြို့နှစ်မြို့အပေါ်တွင် ယောရှု၏ကနဦး အောင်မြင်မှုများကို အသုံးပြုခဲ့ပြီး၊ သူ၏မူလပရိသတ်များသည် ၎င်းတို့၏တိုက်ပွဲများကို လူ့အစွမ်း ဖြင့်မအောင်မြင်နိုင်ကြောင်း ထောက်ပြခဲ့သည်။ အောင်မြင်မှုသည် ဘုရားသခင်၏သဘာဝလွန် တန်ခိုးတော်အားဖြင့်သာ ရရှိခဲ့သည်။

## ဣသရေလလူမျိုးအားလုံး

ပဉ္စမ၊ မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းများသည် သိမ်းပိုက်မှု တွင် ဣသရေလလူမျိုးအားလုံးပါဝင်မှု၏အရေးပါပုံကို အလေးပေးဖော်ပြသည်။ ယော်ဒန်မြစ်ကို ဣသရေလလူမျိုးဖြတ်ကူးသည့် အပိုင်း ၃:၁၊ ၁၇ တွင် *ဣသရေလလူမျိုးအားလုံး* ယောရှုနှင့်အတူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြတ်ကူးခဲ့ကြောင်း ပြောသည်။ ၄:၁၄ တွင်၊ "ထာဝရဘုရားသည် ဣသရေလအမျိုးသားအပေါင်းတို့ ရှေ့မှာ ယောရှုကို ချီးမြှင့်တော်မူ၍" ဟုဆိုသည်။ ၄:၄ ရှိ "လူတစ်ဆယ်နှစ်ယောက်" နှင့် ၄:၈၊ ၉ နှင့် ၂၀ ရှိ "ကျောက်တစ်ဆယ်နှစ်လုံး" တို့သည် ဣသရေလလူမျိုးတစ်ဆယ့်နှစ်မျိုးတို့ကို ကိုယ်စားပြု သည်။ ထို့အပြင် ၅:၈ အရ၊ ဣသရေလ "လူအပေါင်းတို့" သည် ဂိလဂါလတွင် အရေဖျားလှီးခြင်းကို ခံခဲ့ကြသည်။ ယေရိခေါမြို့ကျဆုံးချိန် ၆း၃ တွင်၊ ယောရှုအား "စစ်သူရဲအပေါင်းတို့" နှင့်အတူ မြို့ကို လှည့်ပတ်ရန် ဘုရားသခင်မိန့်မှာခဲ့သည်။

တစ်ဖန်၊ အာဣမြို့ကို ဣသရေလလူမျိုးတို့ ရှုံးနိမ့်မှုတွင် သိသာစွာဆန့်ကျင်ကွဲလွဲမှုကို မြင်တွေ့ရသည်။ ၇:၃ တွင် သူလျှိုများသည် ယောရှုအား "ဤလူတို့ကို အကုန်အစင်မသွားပါစေနှင့်" ဟုပြောခဲ့သည်။ ၎င်းသည် ၇:၂၃ တွင်"ဣသရေလအမျိုးသားများ"နောင်တရကြောင်း ကျမ်းရေးသူ ပြောသည့်အချိန်တိုင် မဖြစ်ခဲ့ပါ။ ၇:၂၄၊ ၂၅ တွင်၊ "ဣသရေလအမျိုးသားအပေါင်းတို့" သည် အာခန်အား တရားစီရင်ရာတွင် အတူတကွပါဝင်ခဲ့သည်။

ယခု ကျွန်ုပ်တို့ မျှော်လင့်ထားသင့်သည့်အတိုင်း၊ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်း ၈:၃၃ တွင်၊ "ဣသရေလအမျိုးသားအပေါင်းတို့" သည် ဘုရားသခင်ရှေ့တွင် ရပ်နေသည်။ ကျမ်းရေးသူ အနေဖြင့် သူ၏ကျမ်း၏ဤအပိုင်းတွင် ဣသရေလလူမျိုးအားလုံး၏ပါဝင်မှုကိုဖော်ပြခြင်းသည် ဣသရေလမျိုးဆက်တိုင်း တိုက်ပွဲတွင် အတူတကွပါဝင်ရန် အသင့်ဖြစ်ရမည်ကို အာရုံစိုက်ခဲ့သည် မှာ သံသယမရှိပါ။

ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းမှတ်တမ်းသည် အောင်မြင်မှုအတွက်ပြင်ဆင်မှု များနှင့်စတင်ကာ၊ မြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများသို့ ရွေ့လျားခဲ့သည်ကို တွေ့မြင်ရပြီးနောက်၊ ယခုအခါ မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏ နောက်ပိုင်းအောင်မြင် မှုများသို့ ရောက်ရှိလာပြီဖြစ်သည်။

# မဟာမိတ်နှစ်ဖွဲ့အပေါ် အောင်မြင်မှုများ

ယောရှုမှတ်စာရေးသားသူသည် ကတိတော်ပြည်ကို ယောရှု၏သိမ်းပိုက်အောင်မြင်ခြင်းအား ပုံစံအမျိုးမျိုးဖြင့် အကျဉ်းချုံးဖော်ပြသည်။ သို့သော် ယောရှု၏သိမ်းပိုက်အောင်မြင်ခြင်းသည် မြို့နှစ်မြို့မှ ကတိတော်ပြည်၏တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသနှစ်ခုအထိ မည်သို့ပျံ့နှံ့သွားသည်ကို အာရုံစိုက်ရန် ရွေးချယ်ခဲ့သည်။ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ယောရှု၏သိမ်းပိုက်အောင်မြင်ခြင်းသည် ဣသရေလလူမျိုးအား ဘုရားသခင်ကတိပြုထားသည့်ပြည်၏အတိုင်းအတာအားလုံးထိတိုင် ရောက်ရှိခဲ့ကြောင်းဖော်ပြသောကြောင့် ကျမ်း၏ဤအပိုင်းသည် သူ၏မူလပရိသတ်များ၏လိုအပ် ချက်များနှင့် အထူးသက်ဆိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်း၏ဤအချက်မတိုင်မီတွင်၊ ဣသရေလတို့၏သိမ်းပိုက်အောင်မြင်ခြင်းသည် ၎င်းတို့အားထရန်ဂျော်ဒန်မှ ယေရိခေါမြို့ အာဣမြို့ ဧဗလတောင်နှင့် ဂေရဇိမ်တောင်သို့ ခေါ်ဆောင်သွားခဲ့သည်။ သို့သော် ဤကဏ္ဍတွင်၊ ကျမ်းရေးသူသည် ဦးစွာတောင်ပိုင်းနှင့် ထို့နောက်မြောက်ပိုင်းခါနာန်တစ်ဝှမ်းမှ ယောရှုကိုဆန့်ကျင်သည့် မဟာမိတ်အဖွဲ့၏အယူအဆကို မိတ်ဆက်ပေးသည်။

မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများကို လေ့လာသုံးသပ်သည့်အခါ၊ ဤကဏ္ဍ၏ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာကို အကျဉ်းချုံးကာကြည့်ရှုပြီးနောက် ၎င်း၏မူလအဓိပ္ပာယ်ကို ထပ်မံကြည့်ရှုပါမည်။ ဖွဲ့စည်းပုံနှင့်ပါဝင်သောအကြောင်းအရာအား ခြုံငုံသုံးသပ်ချက်ဖြင့် စတင်ကြပါစို့။

# ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ

မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများ အခန်းကြီး ၉-၁၂ တွင် ကွဲပြားသည့်အကြောင်းအရာများစွာပါဝင်သောကြောင့် ရှုပ်ထွေးနိုင်သည်။ သို့သော် ဤအပိုင်းကို အဓိကအပိုင်းလေးပိုင်းခွဲထားကြောင်းနားလည်ပါက အထောက်အကူဖြစ်ပါလိမ့်မည်။

## မဟာမိတ်အဖွဲ့များကို ခြုံငုံသုံးသပ်ချက်

၉:၁၊ ၂ ပထမပိုင်းသည် ဣသရေလလူမျိုးကိုဆန့်ကျင်သော မဟာမိတ်များအကြောင်း အတိုချုံးဖော်ပြသည်။ ၎င်းသည် နောက်အခန်းများတွင် ဖြစ်ပျက်နေသည့်အရာများကို အကျဉ်းချုံး၍ဖော်ပြထားသည်။ ဤကျမ်းပိုဒ်များက "ယော်ဒန်မြစ်အနောက်ဘက် ... မင်းကြီးအပေါင်းတို့သည် သတင်းကြားသောအခါ၊ ယောရှုနှင့်ဣသရေလအမျိုးသားတို့ကို စစ်တိုက်ခြင်းငှါ တညီတညွတ်တည်းစည်းဝေးကြ၏"ဟုဖော်ပြထားသည်။

## အောင်မြင်မှုများကို ခြုံငုံသုံးသပ်ချက်

မဟာမိတ်များအကြောင်း စတုတ္ထနှင့် နောက်ဆုံးအပိုင်း ၁၁:၁၆–၁၂:၂၄ တွင်၊ ဣသရေလလူမျိုး၏အောင်မြင်မှုကို ခြုံငုံသုံးသပ်ခြင်းနှစ်ပိုင်းဖြင့် အစပြုထားသည်။ ၁၁:၁၆၊ ၂၃ သည် စီဂျော်ဒန်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ အောင်မြင်မှုအမြောက်အမြားကို အာရုံစိုက်စေခြင်းဖြင့် စတင်သည်။ ဤဖော်ပြမှုက ယောရှုသည် ဘုရားသခင်မိန့်မှာထားသမျှကို ဖျက်ဆီးပစ်ကြောင်း အလေးပေးဖော်ပြသည်။ အခန်းငယ် ၂၃ တွင် အောက်ပါ စကားရပ်များပါဝင်သည်_ "တစ်ပြည်လုံး စစ်ငြိမ်းလေ၏" ၎င်းနောက် ကျမ်းရေးသူသည် ၁၂:၁-၂၄ တွင်၊ ထရန်ဂျော်ဒန်နှင့် စီဂျော်ဒန်နှစ်ခုလုံးအားအောင်မြင်ခြင်းဖြင့် ဣသရေလလူမျိုးတို့ရရှိသော ဘုရင်များနှင့် နယ်မြေများစာရင်းဖြင့် ကျမ်း၏ဤအပိုင်းကို အဆုံးသတ်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## တောင်ပိုင်းမဟာမိတ်အဖွဲ့အပေါ် အောင်မြင်မှုများ

ဤအဆုံးသတ်ကျမ်းများကြားတွင် အဓိကကဏ္ဍနှစ်ခုကို ကျွန်ုပ်တို့တွေ့နိုင်သည်။ ပထမမှာ ၉:၃–၁၀:၄၃ တွင် ကျမ်းရေးသူသည် တောင်ပိုင်းမဟာမိတ်အဖွဲ့အပေါ် ဣသရေလလူမျိုး၏ အောင်မြင်မှုများကို ဖော်ပြသည်။ ဤအခန်းများသည် ၉:၃-၂၇ တွင် ဂိဗောင်လူတို့နှင့်ပြုသော ပြဿနာစာချုပ်ဖြင့် အစပြုသည်။ ခါနာန်ပြည်အလယ်တွင် နေထိုင်သော ဂိဗောင်လူတို့သည် ခါနာန်ပြည်ပြင်ပမှ လာသည်ဟုဆိုကာ ဣသရေလလူမျိုးများနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန် လှည့်ဖြားခဲ့ကြသည်။ ထို့ပြင် ဤစာချုပ်သည် ကတိတော်မြေ၏တောင်ပိုင်းဒေသတွင် ကြီးမားသည့် ပဋိပက္ခကို လှုံ့ဆော်ပေးခဲ့သည်။

၁၀:၁-၁၅ တွင် ဤကြီးမားသောပဋိပက္ခသည် ဣသရေလလူမျိုးအတွက် ကနဦးတောင်ပိုင်း အောင်မြင်မှုဖြစ်စေခဲ့သည်။ ဤအခန်းငယ်များတွင် ယေရုရှလင်မင်းကြီးသည် တောင်ပိုင်းဘုရင် ငါးပါးနှင့် မဟာမိတ်ဖွဲ့ကာ ဂိဗောင်လူတို့ကိုတိုက်ခိုက်ခဲ့ပြီး၊ သူတို့သည် ယောရှုထံအကူအညီ တောင်းခဲ့ကြသည်။ သူတို့၏သဘောတူစာချုပ်ကြောင့် ဂိဗောင်လူများကိုကူညီရန် ဣသရေလ လူမျိုးတွင် တာဝန်ရှိသည်။ ဘုရားသခင်သည် ယောရှုအား ဤပထမတောင်ပိုင်းတိုက်ပွဲတွင် အံ့ဖွယ်နည်းဖြင့် အောင်မြင်မှုပေးခဲ့သည်။ ထို့နောက်၊ ယောရှု ၁၀:၁၆-၄၃ တွင်၊ ကျမ်းရေးသူသည် ယောရှု၏တောင်ပိုင်းမဟာမိတ်အဖွဲ့တစ်ခုလုံးအပေါ် နေရာအမျိုးမျိုးတွင် သူ၏ကျယ်ပြန့်သော အောင်မြင်မှုများအကြောင်း ထည့်သွင်းထားသည်။ ကျမ်းရေးသူ ၁၀:၄၀ တွင်ဖော်ပြထားသည့် အတိုင်း၊ ယောရှုသည် တပြည်လုံးကို ရှင်းရှင်းဖျက်ဆီးလေသည်။

## မြောက်ပိုင်းမဟာမိတ်အဖွဲ့ အပေါ် အောင်မြင်မှုများ

ဤကျမ်း၏နောက်ထပ်အဓိကအပိုင်းမှာ ၁၁:၁-၁၅ တွင်ဖြစ်သည်။ ဤတွင်၊ ကျမ်းရေးသူ သည် မြောက်ပိုင်းမဟာမိတ်များအပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများအကြောင်း ဖော်ပြ သည်။ ဤအပိုင်းသည် ယောရှု၏တောင်ပိုင်းအောင်မြင်မှုများနှင့် တူညီသောပုံစံရှိသော်လည်း မှတ်တမ်းသည် ပို၍တိုပါသည်။ အခန်းငယ် ၁-၁၁ တွင် ဟာဇော်ဘုရင်သည် ဣသရေလလူမျိုးနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ ၁၁:၄ တွင် ဤမဟာမိတ်ဖွဲ့သည် "အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့် အမျှ အလွန်များစွာသော" ဟု ဖတ်ရပါသည်။ သို့သော် ဘုရားသခင်သည် ဤမြောက်ပိုင်းမဟာမိတ် အပေါ်တွင်လည်း ဣသရေလလူမျိုးတို့အား အောင်မြင်မှုပေးခဲ့သည်။ ထို့ကြောင့်၊ ၁၁:၁၂-၁၅ တွင် မြောက်ပိုင်းဒေသတစ်လျှောက် ယောရှု၏အဆုံးအဖြတ်အောင်မြင်မှု၏ အကျဉ်းချုပ်ကိုတွေ့ရှိရ သည်။

မဟာမိတ်နှစ်ခုအပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများနှင့် ပတ်သက်သည့် ဖွဲ့စည်းပုံနှင့် ပါဝင်သောအကြောင်းအရာကို စိတ်ထဲမှာ မှတ်သားထားခြင်းဖြင့်၊ ဤအခန်းများ၏မူလအဓိပ္ပာယ်ကို ခဏမျှစဉ်းစားသင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘင်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မူလအဓိပ္ပါယ်

ကျွန်ုပ်တို့မြင်ရသည်အတိုင်း၊ ယေရိခေါ်မြို့နှင့် အာဣမြို့များကို တိုက်ခိုက်ရာတွင် ဣသရေလလူမျိုးတို့၏တိုက်ပွဲများသည် မူလပရိသတ်များကို သွန်သင်ရန် များစွာရှိသည်။ သို့သော် သူ၏နောက်ပိုင်းမျိုးဆက်ပရိသတ်များသည် ဤဥပမာများကို အလွယ်တကူပယ်ဖျက်နိုင်သည်ကို ကျမ်းရေးသူသိထားသည်။ ဤမြို့များသည် ရန်သူအနည်းစုသာရှိသည့် မြို့တစ်ခုသာဖြစ်ပြီး၊ သူ၏ ပရိသတ်များသည် အင်အားကြီးမားသောတပ်များနှင့် မဟာမိတ်များကိုကိုယ်စားပြုသော ရန်သူများ နှင့်ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ဤအခြေအနေများတွင် သူ၏မူလပရိသတ်ကိုအားပေးရန်၊ ကျမ်းရေးသူက ယောရှု၏သူ့ခေတ်က မဟာမိတ်များအပေါ်ကြီးမားသောအောင်မြင်မှုများကိုလည်း အာရုံစိုက်ခဲ့သည်။

မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုမှတ်တမ်းက အစောပိုင်းအခန်းများ တွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့် အကြောင်းအရာငါးခုအနက် လေးခုကို ဖော်ပြထားသည်။

## ဘုရားသခင်၏အခွင့်အာဏာ

ဦးစွာ၊ ဤဖြစ်ရပ်များအောက်၌ ဘုရားသခင်၏အခွင့်အာဏာကို ကျွန်ုပ်တို့မြင်ရသည်။ ဥပမာ၊ တောင်ပိုင်းတွင် ကနဦးအောင်မြင်မှု၌၊ “ထာဝရဘုရားကလည်း … သင်၏လက်၌ငါအပ်မည်” ဟု ၁၀:၈ တွင်ဖတ်ရသည်၊ မြောက်ပိုင်း၌ သူ၏အောင်မြင်မှုများကို ၁၁း ၉ တွင် ယောရှုသည် “ထာဝရဘုရားမှာထားတော်မူသည်အတိုင်း” ဤအရာအားလုံးကို လုပ်ဆောင်ခဲ့သည်။ ဤအခန်း များတွင် ယောရှု၏ဘုရားသခင့်အခွင့်အာဏာဖြင့် ဣသရေလအားခေါင်းဆောင်မှုကို အကြိမ်ကြိမ် အလေးပေးဖော်ပြသည်။ သို့မှသာ မူလပရိသတ်များက မဟာမိတ်များအပေါ် ယောရှု၏ကြီးကျယ် သည့်အောင်မြင်မှုများသည် သူတို့၏ကာလတွင် ပဋိပက္ခများကိုရင်ဆိုင်ရသည့်အခါ သူတို့ကို လမ်းညွှန်ပေးနိုင်ကြောင်းကို နားလည်မည်ဖြစ်သည်။

## မောရှေပညတ်တရားစံနှုန်း

ဒုတိယ၊ မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများသည် မောရှေ၏ ပညတ်တရားစံနှုန်းကို အလေးပေးဖော်ပြသည်။ ဥပမာ၊ ၉:၁၄ တွင် ကျွန်ုပ်တို့ဖတ်ရသော ဂိဗောင် စာချုပ်ဇာတ်လမ်းတွင်၊ ဣသရေလလူတို့သည် “သခင်ဘုရားထံတော်၌ အခွင့်မပန်သောကြောင့်” လှည့်စားခံခဲ့ရသည်။ သူတို့သည် တရားဟောရာ ၁၇:၉ တွင် မောရှေညွှန်ကြားသည့်အတိုင်း ယဇ်ပုရောဟိတ်များထံမှ လမ်းညွှန်မှုကိုမရှာဘဲ ဘုရားသခင်အပေါ် သစ္စာမဲ့ကြောင်း သရုပ်ပြခဲ့ကြ သည်။ သို့သော်၊ ယောရှု ၉:၂၀ တွင်၊ ယောရှုသည် “သူတို့[ဂိဗောင်လူ]အား ကျိန်ဆိုမိသောကြောင့်” ဟု ဆိုခြင်းဖြင့် မောရှေ၏ပညတ်ကို လိုက်နာခဲ့သည်။

ထို့အပြင်၊ ယောရှု၏ကျယ်ပြန့်သော တောင်ပိုင်းအောင်မြင်မှုများ၏အကျဉ်းချုပ်တွင်၊ ယောရှုသည် မောရှေ၏အမိန့်တော်များကို နာခံကြောင်း ၁၀:၄၀ တွင်ဖတ်ရသည်၊ “ဣသရေလ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူမျိုး၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း၊" အသက်ရှင်သောသူတစ်ယောက် မျှ မကျန်ကြွင်းရဘဲ ရှင်းရှင်းဖျက်ဆီးလေ၏။ အလားတူပင်၊ မြောက်ပိုင်း၌ အောင်မြင်မှုခံစဉ် ၁၁:၁၂ တွင် ယောရှုသည် "ထာဝရဘုရား၏ကျွန်မောရှေမှာထားတော်မူသည့်အတိုင်း၊ ရှင်းရှင်းဖျက်ဆီး လေ၏။" ၁၁း၁၅ တွင်ယောရှုလည်း "ထာဝရဘုရားသည်မောရှေကို မှာထားတော်မူသမျှသော အမှုတစ်စုံတစ်ခုကို လှပ်၍မထား။" ခါနာန်တွင် ယောရှု၏အောင်မြင်မှုများအကြောင်း နိဂုံးချုပ်ချက် ၁၁:၂၀ တွင်၊ "ထာဝရဘုရားသည် မောရှေကိုမှာထားတော်မူသည့်အတိုင်း" ယောရှုပြုခဲ့သည်။

မျိုးဆက်တိုင်းရှိ ဣသရေလလူမျိုးများသည် မောရှေ၏တရားတော်ကို သစ္စာစောင့်သိမှသာ အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း သတိပေးထားရန် လိုအပ်သောကြောင့် ဤအကြောင်းအရာကို ဖော်ပြထားသည်။ ပညတ်တရားကိုနာခံခြင်းသည် ယောရှုလက်ထက်၌ဖြစ်သကဲ့သို့ သူတို့ခေတ်တွင် အောင်မြင်ခြင်း၏သော့ချက်ဖြစ်သည်။

## ဘုရားသခင်၏သဘာဝလွန်တန်ခိုးတော်

တတိယ၊ မဟာမိတ်နှစ်ခုအပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများသည် ဘုရားသခင်၏ သဘာဝလွန်တန်ခိုးမှ ထွက်ပေါ်လာကြောင်း ထပ်မံသိရှိလာရသည်။ တောင်ပိုင်းကနဦးအောင်မြင်မှု၌ ဘုရားသခင်ကိုယ်တော်တိုင် "သူတို့[မဟာမိတ်] ကို ဣသရေလအမျိုးသားရှေ့မှာ ရှုံးစေ" ကြောင်း ၁၀:၁၀ က ထောက်ပြသည်။ အခန်းငယ် ၁၁ တွင် "ထာဝရဘုရားသည် မိုးကောင်းကင်မှ ကြီးစွာ သောမိုးသီးကို အဇေကာမြို့တိုင်အောင် သူတို့အပေါ်၌ချတော်မူ၍" အခန်းငယ် ၁၃ တွင် ဣသရေလ လူမျိုးအား စစ်အောင်နိုင်စေရန် "နေရပ်"စေသည်။ ဤသဘာဝလွန်ဆန်သောဝင်ရောက်ပါဝင်မှုများ သည် အပိုဒ်ငယ် ၁၄ "ထာဝရဘုရားသည် ဣသရေလအမျိုးဘက်မှာ စစ်တိုက်တော်မူ၏" တွင် ကျမ်းရေးသူကို အံ့အားသင့်သွားစေခဲ့သည်။ ၁၀:၂၁ အရ တောင်ပိုင်းတွင် ဣသရေလလူမျိုးတို့၏ ကျယ်ပြန့်သောအောင်မြင်မှုများ ဆက်လက်ဖြစ်ပွားလာသည်နှင့်အမျှ "ဣသရေလလူ တစ်စုံ တစ်ယောက်ကို အဘယ်သူမျှ အပြစ်မတင်ရ" ဟူ၍ဘုရားသခင်၏တန်ခိုးတော်ကို ကြောက်ရွံ့ ထိတ်လန့်မှုများပျံ့နှံ့သွားခဲ့သည်။ ၁၀:၂၅ တွင် ယောရှုသည် "သင်တို့တိုက်ရသော ရန်သူအပေါင်း တို့ကို ထာဝရဘုရားသည် ဤကဲ့သို့ပြုတော်မူမည်။"ဟု ရဲရင့်စွာဟောခဲ့သည်။ ၁၀:၄၂ တွင် ကျမ်းရေး သူက "ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားသည် ဣသရေလအမျိုးဘက်မှာ စစ်တိုက် တော်မူသောကြောင့်" ဟု ရေးထားသည်။

ဣသရေလလူမျိုး၏ မြောက်ပိုင်းအောင်မြင်မှုများတွင် ဘုရားသခင်၏ သဘာဝလွန်တန်ခိုး တော်၏အကြောင်းအရာကိုလည်း တွေ့ရသည်။ ဥပမာအားဖြင့်၊ ဘုရားသခင်သည် ယောရှု ၁၁:၆ တွင် "ငါသည်နက်ဖြန်နေ့ ယခုအချိန်၌ ဣသရေလအမျိုးရှေ့မှာ ထိုသူအပေါင်းတို့ကို အသေအပ် မည်" ဟု အာမခံခဲ့သည်။ ထို့နောက် မဟာမိတ်များအပေါ် အောင်မြင်မှု၏နောက်ဆုံးခြုံငုံသုံးသပ် ချက် ၁၁:၂၀ တွင် "အကြောင်းမူကား၊ ထာဝရဘုရားသည် မောရှေကိုမှာထားတော်မူသည့်အတိုင်း၊ ထိုလူမျိုးကိုကျေးဇူးမပြု၊ အကုန်အစင်သုတ်သင်ပယ်ရှင်းစေမည်အကြောင်း၊ သူတို့သည်

ဣသရေလအမျိုးသားတို့ကိုဆီး၍ တိုက်ဝံ့သည်တိုင်အောင် သူတို့စိတ်နှလုံးခိုင်မာစေခြင်းငှာ ထာဝရဘုရားအလိုရှိတော်မူသတည်း" ဟု ဖတ်ရသည်။

ဤအကြောင်းအရာကို ကျမ်းရေးသူအကြိမ်ကြိမ်ဖော်ပြခြင်းသည် ၎င်း၏မူလပရိသတ်များ အနေဖြင့် ပဋိပက္ခတွင် ၎င်းတို့၏ကိုယ်ပိုင်စွမ်းအားကို မည်သည့်အခါမှ အားမကိုးသင့်ကြောင်း သတိပေးရန်ရည်ရွယ်ထားသည်။ ရန်သူများကိုအနိုင်ယူရန် ၎င်းတို့၏မျှော်လင့်ချက်မှာ ၎င်းတို့ ကိုယ်စားဘုရားသခင်သည် သဘာဝလွန်တန်ခိုးများဖြင့် ပါဝင်ဆောင်ရွက်ပေးမည် ဖြစ်သည်။

> ဘုရားသခင်သည် သူ၏အခွင့်အာဏာနှင့် သဘာဝလွန်တန်ခိုးများဖြင့် ယောရှုနှင့် ဣသရေလတို့အတွက် အောင်မြင်မှုရရှိစေသည်။ ဘုရားသခင်သည် "နယ်မြေကိုပေးတော်မူသည်" သို့မဟုတ် "ပြည်ကို ပေးတော်မူသည်" ဟူသောအသုံးအနှုန်းသည် ဟေဗြဲဘာသာဖြင့် တူညီသောကြိယာဖြစ်ပြီး၊ ယောရှုမှတ်စာတွင် အကြိမ်ကြိမ်တွေ့ရသည်။ ရန်သူတို့အား ယောရှုလက်သို့အပ်တော်မူသောသူသည် ထာဝရဘုရား ဖြစ်သည်။ ဣသရေလလူမျိုးအား ပြည်ကို ပေးတော်မူသောသူသည် ကိုယ်တော်ဖြစ်သည်။ သခင်ဘုရားသည် အနန္တတန်ခိုးရှင်၊ ရန်သူများကို အနိုင်ယူသောသူဖြစ်ကြောင်း အကြိမ်ကြိမ်အခိုင်အမာဆိုသည် ...အာမောရိရှင်ဘုရင်တို့သည် ဂိဗောင်မြို့သားတို့တဘက်၌ စုဝေး၍၊ ဂိဗောင်မြို့သားတို့သည် ဤရှင်ဘုရင်တို့ကို ရင်ဆိုင်ခြင်းငှာ ယောရှု ၁၀း၁၁ တွင် ယောရှု၏အကူအညီကိုတောင်းသောအခါ _
>
> ထိုသူတို့သည် ဣသရေလလူတို့ရှေ့မှာပြေး၍ ဗေသောရုန်မြို့သို့ ဆင်းသွားရာတွင်၊ ထာဝရဘုရားသည် မိုးကောင်းကင်မှ ကြီးစွာသောမိုးသီးကို အဇေကာမြို့တိုင်အောင် သူတို့အပေါ်၌ချတော်မူ၍၊ သူတို့သည် ဣသရေလလူတို့၏ဓားကြောင့်သေသည်ထက် မိုးသီးကြောင့် သာ၍သေကြ၏ (ယောရှု ၁၀း၁၁)။
>
> ဤနေရာတွင်အလေးပေးတင်ပြမှုမှာ သခင်ဘုရား၏ အခွင့်အာဏာကိုဖြစ်သည်။ ဤအဖြစ်အပျက်မှတစ်ဆင့် ကိုယ်တော်၏အခွင့်အာဏာကို သူဖော်ပြခဲ့သည်— ရန်သူများပေါ် မိုးသီးများပစ်ချကာ၊ အများစုမှာ ဣသရေလ၏ ဓားဖြင့်သေဆုံးသူထက် သခင်ဘုရား၏ တိုက်ရိုက်ပါဝင်မှုကြောင့် သေဆုံးသွားခဲ့ကြသည်...ထို့ကြောင့် ဤအောင်မြင်မှုသည် အဖြစ်အပျက်များတွင် သခင်ဘုရား တိုက်ရိုက်ပါဝင်မှုကြောင့် လုံးဝသဘာဝလွန်သောအောင်မြင်မှုဖြစ်သည်။ ယင်းက အရာအားလုံးနှင့် အခြေအနေအရပ်ရပ်အပေါ် အကြွင်းမဲ့အာဏာနှင့် အခွင့်အာဏာရှိသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့၏အနန္တတန်ခိုးရှင် ဘုရားသခင်အကြောင်း အံ့ဖွယ်အချက် တစ်ချက်ကို သွန်သင်ပေးသည်။

**Rev. Sherif Gendy**

## ဣသရေလလူမျိုးအားလုံး

မဟာမိတ်နှစ်ဖွဲ့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများအကြောင်း သူ၏မှတ်တမ်း တစ်လျှောက်တွင် ကျမ်းရေးသူသည် စတုတ္ထအကြောင်းအရာဖြစ်သော_ ဣသရေလလူမျိုးအားလုံး ၏ပါဝင်မှုကိုလည်း အလေးပေးဖော်ပြခဲ့သည်။ ဂိဗောင်မြို့အနီး တောင်ပိုင်းအောင်မြင်မှု ၁၀း၇ ၌ "ယောရှုသည်လည်း စစ်မှု၌ကျင်လည်သောသူ၊ ခွန်အားကြီးသော သူရဲအပေါင်းတို့နှင့်တကွ ဂိလဂါလမြို့မှတက်သွားလေ၏" ၁၀:၁၅ တွင် "ဣသရေလလူအပေါင်းတို့နှင့်တကွ" ယောရှုသည် စစ်တိုက်ရာမှ ပြန်လာကြောင်း သိရသည်။ တောင်ပိုင်းအောင်မြင်မှုများမှတ်တမ်း ၁၀:၂၁ တွင် "လူအပေါင်းတို့သည်" ယောရှုနှင့်အတူရှိနေကြောင်း ဖော်ပြထားသည်။ ၁၀:၂၄ တွင်၊ ယောရှုသည် "ဣသရေလလူအပေါင်းတို့" ကိုခေါ် ခဲ့သည်။ ၁၀:၂၉-၃၈ တွင် ဤအကြောင်းအရာ၏ အရေးပါမှုကို လည်းကျွန်ုပ်တို့မြင်ရသည်။ ၎င်းတွင် ကျမ်းရေးသူက "ဣသရေလလူအပေါင်းတို့နှင့်တကွ..." ဟူ၍ ငါးကြိမ်ပြောခဲ့သည်။ ဤအပိုင်းတစ်ခုလုံးသည် ၁၀:၄၃ တွင် "ဣသရေလလူအပေါင်းတို့" ယောရှုနှင့် အတူပြန်ခဲ့ခြင်းနှင့်အဆုံးသတ်သည်။ နောက်ဆုံး ၁၁:၇ တွင်၊ ကျမ်းရေးသူသည် ဣသရေလလူမျိုး၏ မြောက်ပိုင်းအောင်မြင်မှုများတွင် "ယောရှုသည်လည်း မိမိစစ်သူရဲအပေါင်းတို့နှင့်" အတူရှိနေ ကြောင်းမှတ်သားခဲ့သည်။

ဣသရေလအမျိုးအနွယ်များသည် လူမျိုးတစ်မျိုးတည်းအဖြစ်ရပ်တည်ရန် မကြာခဏ ပျက်ကွက်ကြောင်း ကျမ်းရေးသားသူသိခဲ့သည်။ ထို့ကြောင့်၊ ယောရှုခေတ်တွင် ဣသရေလတို့ စည်းလုံးညီညွတ်ခြင်း၌ရရှိသော ကောင်းချီးမင်္ဂလာများကို အလေးပေးဖော်ပြခဲ့သည်။ ၎င်းသည် ကျမ်း၏မူလပရိသတ်များကို သူတို့၏ခေတ်ရန်သူများအား ရင်ဆိုင်ရာတွင် အတူတကွရပ်တည် နိုင်စေခဲ့သည်။

ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းမှတ်တမ်းတွင် အောင်မြင်မှုအတွက်ပြင်ဆင်မှု များ၊ မြို့နှစ်မြို့အပေါ်အောင်မြင်မှုများနှင့် မဟာမိတ်နှစ်ဖွဲ့အပေါ် အောင်မြင်မှုများအကြောင်းကို လေ့လာပြီးနောက်၊ ဤသင်ခန်းစာ၏နောက်ဆုံးထည့်သွင်းစဉ်းစားခြင်းဖြစ်သည့် ဣသရေလလူမျိုး ၏သိမ်းပိုက်ခြင်းမှတ်တမ်းအပေါ် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်း

သမိုင်းတစ်လျှောက်တွင်၊ ခရစ်တော်၏စစ်မှန်သော နောက်လိုက်များသည် ယောရှုမှတ်စာ၏ ဤအပိုင်းကိုလေ့လာရာ၌ မကြာခဏလွန်ကဲသွားကြသည်။ အချို့က ကျွန်ုပ်တို့နှင့်မသက်ဆိုင်သော ဓမ္မဟောင်းယုံကြည်ခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ငြင်းပယ်ခဲ့ကြသည်။ အခြားသူများက ခရစ်တော်၏အမှုတော်၌ တရားမျှတခြင်းအတွက်လက်နက်အဖြစ် ၎င်းကိုအသုံးပြုကြသည်။ သို့သော် ဣသရေလတို့၏သိမ်းပိုက်အောင်မြင်ခြင်းဆိုင်ရာ ယေရှု၏ပြည့်စုံခြင်းအကြောင်း ဓမ္မသစ်ကျမ်း၏သွန်သင်မှုကို ဆက်လက်ကြည့်ရှုသည့်အခါ၊ ယောရှုမှတ်စာ၏ဤအပိုင်းကို ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းဆိုင်ရာ သင့်လျော်သောဦးတည်ချက်ကို တွေ့ရှိရသည်။

ကျွန်ုပ်တို့သည် နောက်ဆုံးသင်ခန်းစာတွင် သင်ယူခဲ့သောအရာကို တည်ဆောက်ခြင်းဖြင့် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းတွင် ဤဦးတည်ချက်ကိုအသုံးပြုသွားပါမည်။ ခရစ်တော်သည် သူ၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် ဣသရေလလူမျိုး၏အောင်မြင်မှု ပြီးမြောက်ခဲ့သည်။ သူ၏နိုင်ငံတော်ဆက်လက်တည်မြဲခြင်းတွင် ဖြည့်ဆည်းပေးနေသည်။ ၎င်းကို သူ၏နိုင်ငံတော်ပြီးပြည့်စုံချိန်တွင် အကြွင်းမဲ့ပြီးမြောက်စေမည်ဖြစ်သည်။ ခရစ်တော်၏နိုင်ငံတော် စတင်တည်ထောင်ခြင်းသည် မည်သည်ကိုဆိုလိုကြောင်း ဦးစွာကြည့်ကြပါစို့။

## နိုင်ငံတော်စတင်ခြင်း

ခြုံငုံကြည့်လျှင် ယောရှုခေတ်ဣသရေလလူမျိုး၏အောင်မြင်မှုသည် စာတန်နှင့် သူ၏နောက်လိုက်တို့ ဘုရားသခင်နှင့် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခတွင် သိသာထင်ရှားသော အောင်မြင်မှုကို ကိုယ်စားပြုသည်။ သို့သော် ယေရှု၏ပထမကြွလာခြင်းနှင့်အတူ ကိုယ်တော်နှင့် သူ၏ပထမရာစုတမန်တော်များ၊ ပရောဖက်များသည် နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် ပို၍ပြီးမြောက်အောင်မြင်စေခဲ့ကြသည်။ ယေရှုနှင့် သူ၏တမန်တော်များသည် စာတန်နှင့် နတ်ဆိုးများကိုတိုက်ရိုက်ရင်ဆိုင်တွေ့ပြီး အောင်မြင်ကြောင်း ခရစ်ဝင်ကျမ်းများနှင့် တမန်တော်ဝတ္ထုက သွန်သင်သည်။ လုကာ ၁၀:၁၈ တွင် သခင်ယေရှု မိန့်ခဲ့သည့်အတိုင်း၊ တပည့်တော်များသည် နတ်ဆိုးများကို နှင်ထုတ်ခြင်းမှ ပြန်လာသောအခါ "စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှ ကျသည်ကို ငါမြင်ပြီ"ဟုဆိုသည်။ ထို့ထက်မက၊ ကောလောသဲ ၂:၁၅၊ ဟေဗြဲ ၂:၁၄၊ ၁၅ နှင့် ဖေက် ၄:၈ ကျမ်းပိုဒ်များက ယေရှု၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းသည် စာတန်နှင့်နတ်ဆိုးများကို အနိုင်ယူခဲ့ကြောင်း သွန်သင်သည်။ ယေရှုသည် တစ်ပါးအမျိုးသားပြည်၌ စာတန်ကိုတိုက်ထုတ်ရန် တမန်တော်များကို လမ်းဖွင့်ပေးခြင်းဖြင့် ယောရှုထက်သာလွန်ခဲ့သည်။

သို့သော် ယောရှုနှင့်မတူဘဲ၊ ယေရှုသည် ဤကမ္ဘာမြေသို့ကြွလာသောအခါ၊ *အပြစ်ရှိသော လူသားများ*ကို လက်နက်စွဲကိုင်တိုက်ခိုက်ရန် ဘုရားသခင်၏အချိန်မဟုတ်ပေ။ အမှန်တကယ်တွင် ယောဟန် ၁၈:၁၁ တွင်၊ ယေရှုသည် ပေတရုအား သူ၏ကိုယ်ထိလက်ရောက်ရန်လိုမှုအတွက် ဆုံးမခဲ့

သည်။ ယင်းအစား၊ ယေရှုသည် စာတန်နှင့်သူ့နောက်လိုက်တို့အပေါ် နိုင်ငံတော်ဆိုင်ရာသူ၏ ဧဝံဂေလိတရား၏ရှုထောင့်နှစ်ဖက် သို့မဟုတ် "သတင်းကောင်း" ကိုဟောပြောခြင်းဖြင့် အောင်မြင်မှုကိုတိုးချဲ့ခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်၏ရောက်ရှိလာမည့်တရားစီရင်ခြင်းကို ပြင်းထန်စွာသတိပေးခဲ့ပြီး ဘုရားသခင်ထံတိုးဝင်သူအားလုံးကို ကရုဏာပြခဲ့သည်။ ပထမရာစု တမန်တော်များနှင့် ပရောဖက်များသည် ခရစ်တော်၏ကမ္ဘာလုံးဆိုင်ရာအောင်မြင်မှု၏ ကနဦးအဆင့်ကို တိုးချဲ့ခြင်းဖြင့် တူညီစွာလုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် လူများကို ကိုယ်ထိလက်ရောက်တိုက်ခိုက်ရန် မည်သည့်အခါတွင်မှ မတောင်းဆိုခဲ့ပါ။ ယင်းအစား၊ ယေရှုကဲ့သို့ သူတို့သည် တရားစီရင်ခြင်းနှင့် ကယ်တင်ခြင်းဆိုင်ရာ ဧဝံဂေလိသတင်းစကားကို ဝေငှခဲ့ကြသည်။

ယခုအခါ၊ ဓမ္မသစ်ကျမ်းသည် ဘုရားသခင်၏ရောက်ရှိလာမည့် တရားစီရင်ခြင်းကို အသင်းတော်အပြင်ဘက်ရှိမယုံကြည်သူများအား မကြာခဏသတိပေးသည်။ "ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများ" သို့မဟုတ် အသင်းတော်အတွင်းရှိ မယုံကြည်သူများကိုလည်း ဘုရားသခင်၏ တရားစီရင်ခြင်းကို သတိပေးထားသည်။ ၁ ကောရိန္သု ၁၆:၂၂ နှင့် ဂလာတိ ၁:၈ ကျမ်းပိုဒ်များတွင်၊ ဂရိဘာသာဖြင့် ကျိန်ခြင်းများ—*anathema* (ἀνάθεμα) — ကိုအသင်းတော်ရှိ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများအပေါ် သတိပေးထားသည်။ ဤကျိန်ခြင်းများသည် "ပျက်စီးခြင်းသို့အပ်နှံ" ခံရသောဣသရေလလူမျိုး အာခန်ကို တရားစီရင်ခြင်းအကြောင်း ကျွန်ုပ်တို့အားအမှတ်ရစေသည်။ ယောရှုမှတ်စာ၏စက်ပ်တွားဂျင့်တွင် — ရှေးဂရိဘာသာပြန်ကျမ်း— *anathema* ကို ဟေဗြဲစကားလုံးများ *charam* (חָרַם) နှင့် *cherem* (חֵרֶם<3>) ဖြင့်အနက်ပြန်ထားပြီး၊ အဓိပ္ပါယ်မှာ "ပျက်စီးခြင်းသို့အပ်နှံခြင်း" ဟူသောအချက်သည် ဤချိတ်ဆက်မှုကို ခိုင်မာစေပါသည်။ သို့သော် တမန်တော်များနှင့်ပရောဖက်များသည် အသင်းတော်အတွင်းနှင့် အပြင်ရှိသူများကို ဘုရားသခင်၏ရောက်ရှိလာမည့် တရားစီရင်ခြင်းဆိုင်ရာ သတိပေးချက်များကို ဟောပြောသကဲ့သို့ပင်၊ ဘုရားသခင်၏ရောက်ရှိလာ မည့် အမျက်ဒေါသမှ လွတ်မြောက်ရန် လူတိုင်းကို နောင်တရရန်ပြောဆိုခဲ့သည်။

> ယောရှုမှတ်စာတွင် လူတို့သည် ကျိန်ခြင်းခံရသည်။ သူတို့သည် ဘုရားသခင်ကို ဘုရားအဖြစ်ချီးမြှောက်မှုမရှိခြင်း၊ ဘုရားသခင်၏ အမိန့်တော်များကို မလိုက်နာခြင်း၊ ဘုရားသခင် မိန့်မှာထားသည့်အတိုင်း မလျှောက်လှမ်းခြင်းတို့ကြောင့် တားမြစ်ပိတ်ပင်ခြင်းနှင့် အကြွင်းမဲ့ ချေမှုန်းခြင်းခံရသည်။ ကျမ်းစာရေးသားသူများ၏ ရှုထောင့်မှကြည့်လျှင် ၎င်းသည်ကောင်းမွန် မှန်ကန်သောအရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ဖြောင့်မတ်သောစရိုက်လက္ခဏာနှင့် ကိုယ်တော်၏လူတို့ အတွက် ဘုရားသခင်၏ကတိတော်များကိုစောင့်ထိန်းပြီး၊ ဘုရားသခင် ကိုယ်တော်တိုင်သည် အမှန်တကယ်ယုံကြည်ထိုက်သူဖြစ်ကြောင်း ကျွန်ုပ်တို့ကိုပြသနေပါသည်...၁ ကောရိန္သု ၁၆:၂၂ နှင့် ဂလာတိ ၁:၈ တွင် ပေါလုပြောသည်မှာ အကယ်၍သင်သည် သခင်ဘုရားကိုမချစ်၊ ဤဧဝံဂေလိတရားကို မဟောပါက၊ ဘုရားသခင်သည် သင့်အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တရားစီရင်လိမ့်မည်။ "ကျိန်တော်မူခြင်းကိုခံစေ" ဟု ပေါလုပြောသောအခါ ဘုရားသခင့်စီရင်ခြင်း၏ကောင်းမြတ်မှုကို သူသည် သဘောတူနေခြင်း ဖြစ်ပါသည်။ သခင်ယေရှု၏ ဤနောက်ဆုံးကြွလာခြင်းသည် မိမိ၏ ရန်သူအားလုံးကို တားမြစ်မှုအောက်တွင် ထားမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုယူဆောင်လာကာ၊ ဘုရားသခင်၏ကတိတော်များကို စောင့်ထိန်းမည့်အကြောင်း မျှော်လင့်သည်။ ထာဝရဘုရားကို ချစ်သောသူ တို့သည် ဘုရားသခင်၏တရားမျှတမှုအား ချီးမြှောက်ပြီး ဘုန်းအသရေကို ၎င်း၊ ဘုရားသခင့်နှုတ်ကပတ်တော်၏သစ္စာတရားကို၎င်း မြင်လိုကြသည်။

**Dr James M. Hamilton**

ဤအခြေခံအယူအဆများကို ကျွန်ုပ်တို့စိတ်ထဲမှတ်သားထားသည့်အခါ၊ ယောရှု၏ဤခွဲဝေမှု ဆိုင်ရာ အဓိကအကြောင်းအရာငါးခုသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းတွင် မည်သို့ပြည့်စုံခဲ့သည်ကိုမြင်ရန် အခွင့်အလမ်းများရရှိစေသည်။ ယောရှု၏အောင်မြင်မှုသည် ဘုရားသခင်၏အခွင့်အာဏာအားဖြင့်ရရှိသကဲ့သို့ ယေရှုနှင့် သူ၏တမန်တော်များနှင့် ပရောဖက်များ ၏အောင်မြင်မှုများကိုလည်း ဘုရားသခင်၏အခွင့်အာဏာသည် ဦးဆောင်ခဲ့သည်။ ယောရှုခေတ် ဣသရေလတို့၏အောင်မြင်မှုသည် ဘုရားသခင်၏ပဋိညာဉ်တွင် အခြေခံသည်နှင့်အမျှ၊ ယေရှုနှင့် သူ၏တမန်တော်များ၏အောင်မြင်မှုများသည် ပဋိညာဉ်တရားသစ်တွင် အခြေခံသည်။ မောရှေ၏ ပညတ်တရားစံနှုန်းကိုနာခံခြင်းသည် ယောရှု၏အောင်မြင်မှုများအတွက် သော့ချက်ဖြစ်သကဲ့သို့ ယေရှုနှင့် တမန်တော်များ၏အောင်မြင်မှုသည် မောရှေနှင့် မောရှေပြီးနောက် ဘုရားသခင်၏ ပြည့်စုံသောဖွင့်လှစ်ဖော်ပြခြင်းကို နာခံခြင်းအပေါ်တွင် မူတည်သည်။ ယောရှုနှင့်ဣသရေလတို့သည် ဘုရားသခင်၏သဘာဝလွှန်တန်ခိုးကို မှီခိုအားထားသကဲ့သို့ ယေရှုနှင့် သူ၏တမန်တော်များ၏ အောင်မြင်မှုများသည် ဘုရားသခင်၏ သဘာဝလွှန်တန်ခိုးတော်အပေါ်တွင် မူတည်သည်။ ယောရှု၏ အောင်မြင်မှုသည် ဣသရေလလူအားလုံးကို ပါဝင်စေသကဲ့သို့ ယေရှုသည် ဣသရေလလူများကို သူနှင့်အတူပူးပေါင်းရန် ဖိတ်ခေါ် ခဲ့သည်။ ပင်တေကုတ္တေပွဲနေ့တွင်၊ ကမ္ဘာတစ်ဝှမ်းမှ ယုဒလူမျိုးများ သည်နတ်ဆိုးများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ကိုယ်တော်နှင့်ပူးပေါင်းခဲ့သည်။ ယေရှု၏တမန် တော်များနှင့် ပရောဖက်များသည် ကနဦးအသင်းတော်တွင် တစ်ပါးအမျိုးသားအမြောက်အမြားကို ထည့်သွင်းခဲ့သည်။

ဣသရေလတို့၏ သိမ်းပိုက်အောင်မြင်ခြင်းအပေါ် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြု ခြင်းသည် ခရစ်တော်၏နိုင်ငံတော်စတင်ချိန်တွင်ပြည့်စုံပုံကို ဖော်ပြခဲ့ပြီးနောက်၊ ကိုယ်တော်၏နိုင်ငံ တော် ဆက်လက်တည်မြဲနေချိန်အတွင်း ခရစ်တော်၌ ဆက်လက်ပြည့်စုံခြင်းအကြောင်းကို ကျွန်ုပ်တို့ လေ့လာသင့်ပါသည်။

# ဆက်လက်တည်မြဲခြင်း

၁ ကောရိန္သု ၁၅:၂၅ အရ သခင်ယေရှုသည် "ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မမူမီတိုင်အောင် အုပ်စိုးတော်မူရမည်" ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ကျော် အတွင်း၊ ကိုယ်တော်သည် သူ၏အသင်းတော်၏ဓမ္မအမှုတော်အားဖြင့် ကမ္ဘာတစ်ဝှမ်းလူမျိုးတိုင်း နီးပါးသို့ သူ၏ကမ္ဘာလုံးဆိုင်ရာအောင်နိုင်မှုကို အောင်မြင်စွာတည်ဆောက်ခဲ့သည်။ သို့သော် တစ်ချိန် တည်းတွင်၊ အသင်းတော်သည် နောင်တရခြင်း၊ ပဋိညာဉ်ကိုအသစ်ပြန်လည်ပြုခြင်းနှင့် ကျေးဇူး တော်နည်းလမ်းများကို လျစ်လျူရှုထားသည့်အခါ မရေမတွက်နိုင်သော ဆုတ်ယုတ်မှုများလည်း ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့်၊ ဓမ္မသစ်ကျမ်းက ခရစ်တော်၏ဝိညာဉ်တော်တန်ခိုးဖြင့် နေ့စဉ် အသက်ရှင်ရန် ကျွန်ုပ်တို့အားတောင်းဆိုထားသည်။

တစ်ဖက်တွင်၊ ယေရှုနှင့် သူ၏တမန်တော်များ၊ ပရောဖက်များပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့ သည် စာတန်နှင့် နတ်ဆိုးများနှင့် ဝိညာဉ်ရေးစစ်ပွဲတွင် ဆက်လက်ပါဝင်ရမည်ဖြစ်သည်။ ဧဖက် ၆း၁၃-၁၈ အရ၊ ကျွန်ုပ်တို့သည် "ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကိုယူဆောင်ကြ လော့။ ... သစ္စာတည်းဟူသောခါးပန်း... ဖြောင့်မတ်ခြင်းပါရမီတည်းဟူသော ရင်အုပ်တန်ဆာ... ငြိမ်သက်ခြင်းနှင့်ယှဉ်သော ဧဝံဂေလိတရား... ယုံကြည်ခြင်းတည်းဟူသောလွှား ... ကယ်တင်ခြင်း တည်းဟူသော သံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တည်းဟူသော ဝိညာဉ် တော်၏ဓား ... ကာလအစဉ် စိတ်နှလုံးပါလျှက် ဆုတောင်းပတ္ထနာပြုခြင်းအမျိုးမျိုး"ပြုရမည် ဖြစ်သည်။ ခါနန်ပြည်ကို သိမ်းပိုက်ရန် ဣသရေလလူမျိုးများ စနစ်တကျပြင်ဆင်ထားသကဲ့သို့၊ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးစစ်ပွဲအတွက် မှန်ကန်စွာပြင်ဆင်ထားရမည်။

တစ်ဖက်တွင်၊ ကျွန်ုပ်တို့သည် ယေရှုနှင့် ကိုယ်တော်၏တမန်တော်များကဲ့သို့ လူတို့နှင့် ဆက်၍ဆက်ဆံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏လမ်းစဉ်များကို တွန်းလှန်သူများကို ဆန့်ကျင်သော်လည်း ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများဖြင့် မဆန့်ကျင်ပါ။ ယင်းအစား၊ ကျွန်ုပ်တို့သည် ခရစ်ယာန်ဧဝံဂေလိတရား၏ တရားစီရင်ခြင်းနှင့် ကရုဏာတော်ကို ဟောပြောဝေငှပါသည်။ မယုံကြည်သူများထံသို့ရောက်လာမည့် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းကို ကျွန်ုပ်တို့ သတိပေးသည်။ ဘုရားသခင်၏ပဋိညာဉ်ကို ချိုးဖောက်သည့်အခါ ဣသရေလလူမျိုးအာခန်ကို ယောရှုကြိုတင်သတိပေးသကဲ့သို့၊ ကျွန်ုပ်တို့သည် ရောက်ရှိလာမည့် ဘုရားသခင်၏တရားစီရင် ခြင်းအကြောင်း အသင်းတော်ရှိ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူများအား သတိပေးသည်။ ၂ ကောရိန္သု ၁၀:၅ တွင် ပေါလုက "ဘုရားသခင်ကို သိသောပညာကို တားဆီးသောမာန်မာန ရှိသမျှတို့ ကို"ဖျက်ဆီးခြင်း ဟုဆိုခဲ့သည်။ ကျွန်ုပ်တို့သည် နောင်တရ၍ ခရစ်တော်ထံတိုးဝင်သောသူအပေါင်း တို့အား ကယ်တင်ခြင်း၏မျှော်လင့်ချက်ကိုလည်း ဟောပြောဝေငှပါသည်။

ဤခရစ်တော်၏နိုင်ငံတော်ဆက်လက်တည်မြဲခြင်းသို့ ဦးတည်ချက်သည် ကျွန်ုပ်တို့၏နေ့စဉ် အသက်တာတွင် ယောရှု၏အောင်မြင်မှုမှတ်တမ်းကို ကျင့်သုံးရန်လမ်းဖွင့်ပေးသည်။ ဣသရေလ လူမျိုးကို ဘုရားသခင်၏အခွင့်အာဏာသည် ဦးဆောင်သကဲ့သို့၊ ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တော်ကို တိုးတက်စေသည်နှင့်အမျှ သင်နှင့်ကျွန်ုပ်အား ဘုရားသခင်၏အခွင့်အာဏာသည် ဦးဆောင်မည်ဖြစ်သည်။ အောင်မြင်မှုအတွက် ဣသရေလလူမျိုး၏ယုံကြည်ကိုးစားမှုသည် ဘုရားသခင်၏ ပဋိညာဉ်ကိုအခြေခံသကဲ့သို့ ခရစ်တော်၌ပဋိညာဉ်အသစ်ကြောင့် ကျွန်ုပ်တို့သည် ပို၍ယုံကြည်စိတ်ချနိုင်ပါသည်။ တိုက်ပွဲတွင် ဣသရေလလူမျိုး၏အောင်မြင်မှုသည် မောရှေ၏ပညတ်တရား စံနှုန်းကို နာခံခြင်းအပေါ်မူတည်သကဲ့သို့ ကျွန်ုပ်တို့၏ခရစ်ယာန်တိုက်ပွဲများတွင် အောင်မြင်မှုသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း*အားလုံး* ၏စံနှုန်းအပေါ် နာခံမှုပေါ်မူတည်ပါသည်။ ဘုရားသခင်၏ သဘာဝလွန်တန်ခိုးတော်ဖြင့် ဣသရေလတို့ အောင်မြင်မှုများရရှိသကဲ့သို့ ယနေ့ကျွန်ုပ်တို့၏ အောင်မြင်မှုများသည် ဘုရားသခင့်ဝိညာဉ်တော်၏သဘာဝလွန်တန်ခိုးအားဖြင့်သာ ရရှိပါသည်။ ယောရှုခေတ်တွင် ဣသရေလလူမျိုးအားလုံး အောင်မြင်မှုတွင် ပါဝင်ရသကဲ့သို့ ယနေ့ ကျွန်ုပ်တို့ မျိုးနွယ်၊ ဘာသာစကားနှင့် လူမျိုးတိုင်းသည် လူမျိုးတစ်မျိုးတည်းအဖြစ် တိုက်ပွဲများကို တိုက်ခိုက်ရမည်ဖြစ်သည်။

ဣသရေလလူမျိုး၏အောင်မြင်မှုအပေါ် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းသည် ခရစ်တော်ကသူ၏နိုင်ငံတော် စတင်တည်ထောင်ချိန်၌ လုပ်ဆောင်ခဲ့သည့်အရာများကို သိရှိစေသည်သာမက၊ သူ၏နိုင်ငံတော် ဆက်လက်တည်မြဲနေချိန် ယခုပြုလုပ်ခဲ့သည့်အရာများကိုပါ သတိပြုမိစေပါသည်။ ခရစ်တော်ပြန်လည်ကြွလာတော်မူသည့်နေ့ နိုင်ငံတော်ပြီးပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ခိုင်ခံ့စေသောကြောင့် ယောရှု၏မှတ်တမ်းကို ကျွန်ုပ်တို့ကျင့်သုံးပါသည်။

# ပြီးပြည့်စုံခြင်း

သခင်ယေရှု ပြန်လည်ကြွဆင်းလာသောအခါအောင်မြင်သော ဘုရင်အဖြစ် ပြန်လာမည်ကို ဓမ္မသစ်ကျမ်းသည် တိကျသေချာသောဝေါဟာရများဖြင့် ဖော်ပြထားသည် ။ ဗျာဒိတ် ၁၉:၁၁ ယောဟန်၏ရူပါရုံတွင်၊ ယေရှုအား"တရားသဖြင့်စီရင်တတ်သူ၊ စစ်တိုက်တတ်သူ" အဖြစ်မြင်ခဲ့ သည်။ ထိုနေ့တွင်၊ ယေရှု၏နောက်ဆုံးအောင်မြင်မှုသည် ခရစ်တော်၏ကမ္ဘာလုံးဆိုင်ရာ အောင်မြင်မှုအတွက်အဆုံးစွန်သောမျှော်လင့်ချက်ကို ဖြစ်ထွန်းစေမည်ဖြစ်သည်။ ယေရှုသည် ယောရှုခေတ်၏ ပျက်စီးခြင်းမှန်သမျှကို အစားထိုးမည်ဖြစ်သည်။ ထိုမှတပါး၊ ယောရှုသည် သူ၏ကာလ၌ ဣသရေလလူတို့အားပေးခဲ့သော အပြည့်အဝအကျိုးရှိသမျှကို ကိုယ်တော်သည် အစားထိုးမည်ဖြစ်သည်။

တစ်ဖက်တွင်၊ ခရစ်တော်ပြန်လည်ကြွဆင်းလာသောအခါ စာတန်သည် လုံးဝရှုံးနိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ကို လှည့်ဖြားရန် သို့မဟုတ် အန္တရာယ်ပြုရန် သူ့တွင် ခွန်အားမရှိတော့ပါ။ ရောမ ၁၆:၂၀ တွင် တမန်တော်ပေါလုက "ငြိမ်သက်ခြင်းအရှင် ဘုရားသခင်သည် မကြာမမြင့်မီစာတန်ကို သင်တို့ခြေအောက်၌ နှိပ်စက်တော်မူမည်" ဟုရေးသားခဲ့သည်။ တစ်ဖက်တွင်၊ ပုန်ကန်သောလူသားများအပေါ် ဘုရားသခင်၏ကရုဏာတော်သည် ကုန်ဆုံးလိမ့်မည်။ ဗျာဒိတ် ၂၁:၈ တွင် ယေရှုကိုယ်တော်တိုင် မိန့်ခဲ့သည့်အတိုင်း "ကန့်နှင့်လောင်သောမီးအိုင်ထဲ၌ မိမိတို့အဖို့ကို ရကြလိမ့်မည်" စာတန်

၏အစေခံများအား ကမ္ဘာမြေကြီးမှဖယ်ရှားခြင်းနှင့်အတူ၊ ခရစ်တော်ထံတိုးဝင်သော လူသားတိုင်းသည်ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ထာဝရကယ်တင်ခြင်း၏ဘုန်းအသရေကို ခံစားရကြလိမ့်မည်။

> ကျွန်ုပ်တို့သည် ကြီးမားသောပဋိပက္ခများ၊ တင်းမာမှု၊ ဆင်းရဲဒုက္ခများနှင့် နိုပ်စက်ညှဉ်းပန်းမှုများကြားတွင် အသက်ရှင်ကြသောကြောင့်၊ ၎င်းသည် မည်သို့ပြောင်းလဲသွားမည်နည်း ဟူသည့်မေးခွန်းသည် ကျွန်ုပ်တို့မေးရမည့် သဘာဝကျသောမေးခွန်းတစ်ခုဖြစ်သည်။ သခင်ယေရှု၏ပြန်လည်ကြွဆင်းလာခြင်းသည် သူ၏ပထမကြွလာခြင်းထက် ကွဲပြားမှုရှိခြင်း၊ သူ၏ပြန်လာခြင်းသည် အဆုံးသတ်ခြင်း၊ တရားမျှတမှု ဆိုင်ရာမေးခွန်းများကို အဆုံးအဖြတ်ဆောင်ကျဉ်းပေးခြင်း၊ အရာအားလုံးကို မှန်ကန်စေလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အတည်ပြုလိုပါသည်။ တစ်နည်းအားဖြင့်၊ ၎င်းကိုမမြင်ရသော်လည်း ကျွန်ုပ်တို့ယုံကြည်သည်။ ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်၊ "နောက်ဆုံးသော ကာလ" တွင် ဘုရားသခင်ဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့ယုံကြည်သည်။ ဆိုလိုသည်မှာ၊ ဖောက်ပြန်ပျက်စီးနေသောအခြေအနေ၌ နောက်ဆုံးသော ကာလတွင် ဘုရားသခင်သည် စုံလင်သောတရားမျှတမှုကို ယူဆောင်လာမည်ဖြစ်သည်_ဘုရားသခင်သည် တရားစီရင်ခြင်းကို ပြီးပြည့်စုံစေမည် ဖြစ်သည်။ ကြမ်းတမ်းစွာ စီရင်မည်မဟုတ်။ တရားမျှတမှုစံနှုန်းများနှင့်အညီ တရားစီရင်မည်ဖြစ်သည်။ ထို့ကြောင့် သေခြင်းတရားအားလုံးသည် ရှုံးနိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ရုပ်တုကိုးကွယ်မှုအားလုံးသည် ရှုံးနိမ့်မည်ဖြစ်သည်။ အရာအားလုံးကို မှန်ကန်စေမည်ဖြစ်သည်။ ထိုအဖြစ်မှန်အတွက် လူ့စိတ်နှလုံးထဲတွင် သာ၍ကြီးမားသော တောင့်တစိတ်အခြားမရှိပါ၊ ဘုရားသခင်သည် ဤကဲ့သို့ဖြစ်လာမည်ကို ကြိုတင်စီစဉ်ထားသောကြောင့် ၎င်းကိုမျှော်လင့်တောင့်တခြင်းသည် ကျွန်ုပ်တို့အတွက်မမှားပါ။
>
> **Dr Richard Lints**

ဘုရားသခင်၏အခွင့်အာဏာသည် ယောရှု၏လုပ်ရပ်များကို ညွှန်ကြားသကဲ့သို့၊ ဘုရားသခင်၏အခွင့်အာဏာသည် သခင်ယေရှုပြန်လည်ကြွဆင်းလာခြင်း၏ ကြီးကျယ်ပြီး ကြောက်မက်ဖွယ်ကောင်းသောနေ့ကို ညွှန်ပြလိမ့်မည်။ ယောရှု၏အောင်မြင်မှုသည် ဣသရေလနှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်တွင် အခြေခံသကဲ့သို့၊ ခရစ်တော်၏နောက်ဆုံးအောင်မြင်မှုသည် ပဋိညာဉ်သစ်၌ကတိသစ္စာပြုထားသောကြောင့် သေချာပါသည်။ ဣသရေလလူမျိုး၏အောင်မြင်မှုသည်

မောရှေ၏ပညတ်တရားစံနှုန်းကိုလိုက်နာခြင်းအပေါ်တွင်မူတည်သကဲ့သို့ ယေရှုသည် အပြစ်ကင်းသောကြောင့် ကိုယ်တော်၏နောက်ဆုံးအောင်မြင်မှုသည် အောင်မြင်မည်ဖြစ်သည်။ ယောရှု၏အောင်မြင်မှုသည် ဘုရားသခင်၏သဘာဝလွှန်တန်ခိုးမှ ထွက်ပေါ်လာသကဲ့သို့ သခင်ယေရှု၏ပြန်လည်ကြွဆင်းလာခြင်းသည် ကမ္ဘာပေါ်တွင် မြင်ဖူးသမျှ ဘုရားသခင်၏သဘာဝလွှန်တန်ခိုး၏အကြီးကျယ်ဆုံးပြသမှု ဖြစ်လာမည်ဖြစ်သည်။ ယောရှု၏အောင်မြင်မှုသည် ဣသရေလလူမျိုးအားလုံး၏ပါဝင်မှုစံနှုန်းကို ထိန်းထားနိုင်သကဲ့သို့ ခရစ်တော်ပြန်လည်ကြွဆင်းလာသောအခါ၊ မြေကြီးပေါ် ရှိ မျိုးနွယ်နှင့် လူမျိုးတိုင်းမှ ဘုရားသခင်၏လူများသည် ကိုယ်တော်၏ကြီးစွာသောအောင်မြင်မှုတွင် တစ်လုံးတစ်ဝတည်းဖြစ်မည်ဖြစ်သည်။

# နိဂုံး

---

ဤသင်ခန်းစာတွင်၊ ယောရှုမှတ်စာ၏ပထမအဓိကအပိုင်းသည် ဣသရေလလူမျိုး၏သိမ်းပိုက်အောင်မြင်ခြင်းအပေါ် မည်သို့အာရုံစိုက်သည်ကို ကျွန်ုပ်တို့လေ့လာထားပါသည်။ ဣသရေလလူမျိုးရေး၏အောင်မြင်မှုအတွက်ပြင်ဆင်ပုံ၊ ယေရိခေါနှင့် အာဣမြို့နှစ်မြို့အပေါ် ဣသရေလလူမျိုး၏အောင်မြင်မှုများကိုနှိုင်းယှဉ်ပုံနှင့် ကတိတော်ပြည်၏တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ အင်အားကြီးမဟာမိတ်များကို ဣသရေလလူမျိုး၏ကျယ်ပြန့်သောအောင်မြင်မှုများနှင့်ပတ်သက်၍ ယောရှုမှတ်စာရေးသားသူ၏တင်ပြမှုများကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ ကျမ်း၏ဤပထမအဓိကအပိုင်းအပေါ် ခရစ်ယာန်ရှုထောင့်မှ လက်တွေ့အသုံးပြုခြင်းကို ပိုင်းခြားသိမြင်နိုင်သောနည်းလမ်းအချို့ကို ကျွန်ုပ်တို့လေ့လာခဲ့ပါသည်။

ကတိတော်ပြည်တွင် ဣသရေလလူမျိုးတို့ရရှိခဲ့သော သိမ်းပိုက်အောင်မြင်ခြင်းကို အမှတ်ရစေခြင်းဖြင့်၊ မူလပရိသတ်တို့သည် သူတို့၏ခေတ်တွင် စစ်မက်စိန်ခေါ်မှုများကို ရင်ဆိုင်ရသည့် အတွက် ယောရှုမှတ်စာသည် အရေးကြီးသောအမြင်များကို ပေးပါသည်။ ထို့အပြင်၊ ယောရှုခေတ်ဣသရေလလူမျိုးတို့ ပြီးမြောက်ခဲ့သောအရာဖြစ်သည့် ခရစ်တော်၏ကြီးကျယ်သောပြည့်စုံမှုတွင် ကျွန်ုပ်တို့ပါဝင်ရာ၌လည်း ဤမှတ်တမ်းသည် လမ်းညွှန်ပေးပါသည်။ ခရစ်တော် ပြီးမြောက်ပြီးဖြစ်သည့်အရာကိုယုံကြည်ရန် ကျွန်ုပ်တို့ကို တောင်းဆိုသည်။ နေ့စဉ်တိုက်ပွဲဝင်ရန် သူ၏နောက်သို့ လိုက်ရန် ကျွန်ုပ်တို့ကို တိုက်တွန်းထားသည်။ ယနေ့ ကျွန်ုပ်တို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကြား ခရစ်တော်သည် ပြန်လည်ကြွဆင်းလာကာ မကောင်းမှုနှင့် ဖန်ဆင်းခြင်းတစ်လျှောက်၎င်း၏ အကျိုးဆက်များအပေါ် အောင်ပွဲကိုပြီးမြောက်စေမည်ဖြစ်ကြောင်း ၎င်းသည် အာမခံထားပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။